# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၈ ခုနှစ်၊ နယုန်လပြည့် စနေနေ့။ Saturday, 30 May 2026 ၁၂၁၉၄


"လူငယ်များဘဝထက်မြက်ဖို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံကြပါစို့"

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

**ကျောင်းအပ်နှံရေးသီတင်းပတ်**
(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

# ဒုတိယသမ္မတ ဦးညိုစောက (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် အပါး ၁၀၀ တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ ကျင်းပသည်။


အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေးအမှူးပြုသော ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်




**နေပြည်တော် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**


**ယနေ့** ဖတ်စရာ

**၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်** စာမျက်နှာ » ၂

**ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် ချင်းပြည်နယ် တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိ** စာမျက်နှာ » ၆

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၁၂ ခု ခွင့်ပြု** စာမျက်နှာ » ၇

**မြန်မာကျောင်းသားလူငယ်များကို မြောက်ဝင်ရိုးစွန်းသို့ အခမဲ့ ၁၀ ရက်ကြာ သိပ္ပံလေ့လာရေး ခရီးစဉ် သွားရောက်ခွင့်ရမည့် "Icebreaker of Knowledge 2026" ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား** စာမျက်နှာ » ၉

**ကျောင်းနေအရွယ် ကလေးသူငယ်အားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက နှိုးဆော်ဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၁၁

ကြေးမုံ

# ငြိမ်းချမ်းသောနယုန်လပြည့် မဟာသမယအခါတော်နေ့

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက ကပိလဝတ်ပြည်မှ လယ်သမားများနှင့် ကောလိယပြည်မှ လယ်သမားများသည် ရောဟိဏီမြစ်ရေကို ခွဲဝေသုံးစွဲရာ၌ အဝေမတည့်ဖြစ်ကြသည်။ မိုးလေဝသမှန်၍ မြစ်ရေလုံလုံလောက်လောက်ရနေစဉ်က ရေအတွက် ပြဿနာမရှိခဲ့ကြသော်လည်း ထိုအချိန်က မိုးခေါင်သဖြင့် ရောဟိဏီမြစ်ရေ အလွန်နည်းပါးနေချိန်ဖြစ်သည်။ အပူရှိန်ပြင်းသည့် ကဆုန်၊ နယုန်လတွင် ရောဟိဏီမြစ်ရေသည် တစ်ပြည်ထောင်အတွက်ပင် လုံလောက်အောင်မရှိဖြစ်ခဲ့သည်။

ကပိလဝတ်ပြည်သား လယ်သမားများက မြစ်ရေကို သူတို့ချည်းသာသုံးလိုသည်။ ကောလိယပြည်သား လယ်သမားများကလည်း သူတို့လယ်များတွင် ရေလိုနေသဖြင့် ဝေမျှသုံးစွဲလိုခြင်းမရှိကြပေ။ ရေသွယ်မြောင်းများဖြင့် ရှိသည့်မြစ်ရေကို ကဲ့ယူကြသည်။ ဤသို့ဖြင့် နှစ်ဖက်အပေးအယူမကြည်ဖြူ အဝေမတည့်ကြသည့် လယ်သမားများ၏ပြဿနာသည် နှစ်ပြည်ထောင်အဆင့် ပဋိပက္ခအထိဖြစ်လာခဲ့သည်။ ကပိလဝတ်ပြည်နှင့်ကောလိယပြည် နှစ်ပြည်ထောင်မင်းတို့သည် ရောဟိဏီမြစ်ရေကိုရရှိရန် စစ်အင်္ဂါလေးပါးအပြည့်အစုံဖြင့် မြစ်တစ်ဖက်တစ်ချက်တွင် နှစ်ဖက်စစ်တပ်များရင်ဆိုင်လျက်ရှိသည်။

ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်တို့သည် ဆွေမျိုးရင်းချာများဖြစ်ကြသည်။ သွေးချင်းနီးသည့်ပြည်သူအချင်းချင်း ရေအတွက် သွေးမြေကျစေမည့် စစ်ရေးကိုစတင်ရန် ပြင်ဆင်နေကြစဉ် မြတ်စွာဘုရားရှင် ကြွတော်မူလာပြီး နှစ်ဖက်စစ်တပ်များ ငြိမ်သက်သွားစေရန် တန်ခိုးပြာဋိဟာဖြင့် အမှောင်ချတော်မူသည်။ အမှောင်ထုကွယ်ပျောက်ပြီး ရောဟိဏီမြစ်ကောင်းကင်ယံတွင် မြတ်စွာဘုရားရှင်အား ဖူးမြင်ကြရသောအခါ စစ်သည်တော်အားလုံး လက်နက်ချ၍ ရှိခိုးကန်တော့ကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်သည် တန်ဖိုးနည်းသည့်ရေအတွက် တန်ဖိုးမဖြတ်နိုင်သည့် သာကီဝင်မင်းသားတို့၏သွေး မြေသို့မကျသင့်၊ အသက်မသေသင့်၊ စစ်ပွဲတို့မည်သည် ရှုံးသူရော၊ နိုင်သူပါ သားစဉ်မြေးဆက် ရန်ငြိုးဖွဲ့၍ အဆုံးမသတ်ဖြစ်ပွားစေတတ်သဖြင့် နိုင်သူမရှိ၊ ရှုံးသူချည်းသာဖြစ်ကြသည်ဟု ဆုံးမတရားကို ဟောကြားတော်မူသည်။

နှစ်ဖက်ဆွေမျိုးများ နှလုံးသွင်းဆင်ခြင်နိုင်ရန် မြတ်စွာဘုရားက ဆက်လက်ဟောကြားရာတွင် တစ်ပြည်နှင့်တစ်ပြည် အပြစ်မရှာဘဲ ငြိမ်းချမ်းစွာနေထိုင်ဆက်ဆံမှသာ အကျိုးရှိမည်ဖြစ်ကြောင်းသိစေရန် ဖန္ဒနဇာတ်တော်ကို ဟောကြားတော်မူသည်။ ဝက်ဝံနှင့်ကြို့ပင်စောင့်နတ်တို့ အချင်းချင်းရန်ငြိုးဖွဲ့မှား၍ ဝက်ဝံလည်းသေ၊ ရုက္ခစိုးနတ်နေသည့် ကြို့ပင်လည်းပျက်စီးရသည့် ဇာတ်တော်ဖြစ်သည်။ မြေပြိုနေပါပြီဆိုသည့် ယုန်တစ်ကောင်၏စကားတစ်ခွန်းကို မစူးစမ်းမဆင်ခြင်ဘဲ ယုံကြည်ကာ ပြေးကြပုန်းကြရင်း ဆင်းရဲဒုက္ခရောက်ကြရသော ဒုဒ္ဒုဘဇာတ်၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အင်အားသုံး၍ အနိုင်မယူသင့်ကြောင်း၊ မိမိထက်အင်အားသာလွန်ကြီးမားသော ဆင်ရိုင်းကြီးကိုပင် သေးငယ်သည့်နှံစုတ်ငှက်က အနိုင်ရဖူးကြောင်း လဋုကိကဇာတ်ကို ဟောတော်မူသည်။

မြတ်စွာဘုရားက သာကီဝင်မျိုးနွယ်တို့အချင်းချင်း ညီညွတ်စွာနေထိုင်ကြရမည်။ အချင်းချင်းစစ်မက်မဖြစ်သော်လည်း အပြန်အလှန်အချင်းများကာ စိတ်ဝမ်းကွဲပြားနေလျှင် ငြိမ်းချမ်းရေးအရသာကို ခံစားရမည်မဟုတ်ကြောင်းသိစေရန် သမ္မောဒမာနဇာတ်ကို ဟောကြားတော်မူသည်။ ထို့အပြင် အန္တရာယ်ကင်းကြောင်း ရုက္ခဓမ္မဇာတ်တော်နှင့် မိမိကိုယ်မိမိ ဆုံးမနေထိုင်ရန် အတ္တဒဏ္ဍသုတ်တို့ကို ဟောတော်မူသည်။ တရားတော်များနာယူပြီးသည့်အခါ ဆွေတော်မျိုးတော်အပေါင်းတို့သည် ဒေါသများကင်းစင်ပြီး အမြင်မှန်ရကာ ငြိမ်းချမ်းရေးယူလိုက်ကြသည်။ နှစ်ပြည်ထောင်မင်းသား ငါးရာတို့သည် မြတ်စွာဘုရားထံတွင် ရဟန်းပြု၍ တရားအားထုတ်ကြရာ ရဟန္တာများဖြစ်လာကြသည်။ ရဟန္တာငါးရာတို့က မြတ်စွာဘုရားအား ဖူးမြော်ကန်တော့သည့် သံဃာအစည်းအဝေးသို့ လာရောက်ကြည်ညိုကြသည့် နတ်ဗြဟ္မာအပေါင်းတို့ကို မြတ်စွာဘုရားက အမည်နာမထုတ်ဖော်၍ မိန့်ကြားသည့် နှုတ်ခွန်းဆက်စကားကို “မဟာသမယသုတ်”ဟု ခေါ်ဆိုသည်။

မဟာသမယသုတ် ဟောကြားတော်မူသောကာလသည် မဟာသက္ကရာဇ် ၁၀၇ ခုနှစ် နယုန်လပြည့်နေ့ မြတ်စွာဘုရား ပဌမမြောက်ဝါဆိုခါနီးအချိန်ဖြစ်သည်။ ထူးမြတ်သည့် နယုန်လပြည့်နေ့သည် နှစ်ပြည်ထောင်ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းသည့်ဇာတ်ကြောင်းကို အကြောင်းခံ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ မဟာသမယအခါတော်နေ့ သို့မဟုတ် ငြိမ်းချမ်းရေးနေ့သည် ထေရဝါဒဗုဒ္ဓဘာသာမြန်မာပြည်တွင်သာမက ဝေနေယျသတ္တဝါအားလုံးအတွက် တစ်ကမ္ဘာလုံးကိုလွှမ်းခြုံသည့် ငြိမ်းချမ်းရေးအခါတော်နေ့ဖြစ်သည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နည်း တရားတော်များအပါအဝင် စည်းလုံးညီညွတ်ရေးတရားတော်များ ဟောကြားခဲ့သည့် ငြိမ်းချမ်းသောနယုန်လပြည့် မဟာသမယအခါတော်နေ့ကို ကြည်ညိုအလေးအမြတ်ပြုကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ Polytechnic University(ကျိုင်းတုံ) ပါမောက္ခချုပ် ဒေါက်တာ သင်းသုနိုင် ကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှု မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ **“၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်”** ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတမ်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ခုနစ်ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၂၉-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၆,၂၂၃,၂၇၈.၀၆ | ၆,၁၂၂,၄၈၉.၀၉ | ၁၈,၄၇၆,၆၉၄.၆၂ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃၄၈၀ ဒသမ ၀၀ ကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂၆၅၁ ဒသမ ၁၉ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ၂၉ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။** **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၆,၅၀၀ | ၁၆,၅၀၀ | ၂,၂၉၅ | ၃၈,၉၀၈,၀၀၀ |
| MTSH | ၇,၈၀၀ | ၇,၉၀၀ | ၄,၃၇၅ | ၃၄,၂၂၄,၈၀၀ |
| MCB | ၁၀,၅၀၀ | ၁၀,၅၀၀ | ၁၀၀ | ၁,၀၅၀,၀၀၀ |
| FPB | ၅,၂၀၀ | ၅,၄၀၀ | ၁၀,၂၇၄ | ၅၄,၉၄၄,၇၀၀ |
| TMH | ၃,၃၅၀ | ၃,၃၅၀ | ၃၂ | ၁၀၇,၈၅၀ |
| EFR | ၁,၈၀၀ | ၁,၇၅၀ | ၃,၆၀၆ | ၆,၃၁၃,၁၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၁၃ | ၄၅၂,၀၀၀ |
| MAEX | ၄,၆၀၀ | ၄,၆၀၀ | ၃,၆၆၃ | ၁၆,၈၄၉,၈၀၀ |
| MADPL(PLB) | ၅,၇၀၀ | ၅,၇၀၀ | ၃၆၃ | ၂,၀၆၇,၁၀၀ |
| ASPGB(PLB) | ၄၀,၀၀၀ | ၄၀,၀၀၀ | ၁၂၉ | ၅,၁၆၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနဓဇအာဇာနည် အရှင်မြတ်များနှင့်တကွ ချီးကျူးပူဇော်ပွဲသို့ လာရောက်ဖူးမြော်ပူဇော်ကြသည့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား အသက်ထက်ဆုံး အောက်မေ့ဖွယ် အမှတ်ရဖွယ်ဖြစ်သော သာရဏီယဩဝါဒကထာ မြွက်ကြားလိုသည်မှာ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်သည်–

**“ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာ နုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ကတမော ဧကပုဂ္ဂလော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ”**အစရှိသည်ဖြင့် အင်္ဂုတ္တိုရ် ပထမတွဲ၊ ဧကပုဂ္ဂလဝဂ်၊ စာမျက်နှာ(၂၁)၌ မိန့်ကြားတော်မူပါတယ်။

ရဟန်းတို့ လောက၌ တစ်ဦးတည်းသောပုဂ္ဂိုလ် ဖြစ်ပေါ်လာသည်ရှိသော် လူအများ အစီးအပွားအလို့ငှာ၊ လူအများချမ်းသာခြင်းငှာ လောကကို အစဉ်သနားစောင့်ရှောက်ခြင်းငှာ၊ နတ်လူတို့၏ အကျိုးများရန် အစီးအပွားများရန် ချမ်းသာဖို့ရန်အလို့ငှာ ဖြစ်တော်မူ၏။ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားပင်တည်း။

ဤလောကလူသား လူအများသည် ဆင်းရဲကို ဆင်းရဲမှန်းမသိ၊ ဆင်းရဲကြောင်း အလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း ဆင်းရဲကြောင်း အလုပ်များပဲဟု မသိမမြင်ကြပေ၊ ကုသိုလ် အကုသိုလ်ဟူ၍လည်း မကွဲပြားမသိမမြင်နိုင်ကြပေ။ လောကကြီးသည် မောဟအမှောင်ဖုံးနေသော အမိုက်တိုက်လောကကြီး ဖြစ်ပါသည်။ အဝိဇ္ဇာအမှောင်ထုကြီး ဖုံးလွှမ်းနေသောလောကကြီးထဲတွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာသဖြင့်သာ ဤတရားက အပြစ်မရှိ ချမ်းသာသောအကျိုးတရားကိုပေးခြင်း လက္ခဏာရှိသော ကုသိုလ်တရားပဲ၊ ဤတရားက အပြစ်နှင့်တကွဖြစ်ပြီး ဆင်းရဲသော အကျိုးကိုပေးခြင်း လက္ခဏာရှိသော အကုသိုလ်တရားပဲ၊ ဤတရားက ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန်တရားပဲ စသည်ဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

ထို့ပြင်လည်း ဤသဘောတရားများသည် ဧကန်စင်စစ် ဆင်းရဲသော တရား **“ဒုက္ခသစ္စာ”**ပဲ၊ ဤသဘောတရားသည် ဆင်းရဲကြောင်း အမှန်တရား **“သမုဒယသစ္စာ”**ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာမှန်တရား **“နိရောဓသစ္စာ”**ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာသို့ ဆိုက်ရောက်စေနိုင်သော အမှန်တရား **“မဂ္ဂသစ္စာ”**ပဲ စသည်ဖြင့် သစ္စာလေးပါးတရားတော်တို့ကိုလည်း ဟောကြားတော်မူခဲ့ပါတယ်။ ဤသစ္စာလေးပါးတရားတော်တို့ကို ဟောကြားတော်မူလိုက်သောအခါ အချို့သော ဝေနေယျသတ္တဝါများ အဝိဇ္ဇာအမှောင် လုံးဝ



ကင်းရှင်းပြီး ဝိဇ္ဇာအလင်းရောင် ကောင်းကောင်းရရှိသွားကြပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်း ပေါ်ပေါက်တော်မူလာခြင်းဟာ နေမင်းကြီး လမင်းကြီး ထွက်ပေါ်လာသကဲ့သို့ ဖြစ်ပြီး ကြာမြင့်စွာသော ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါအများ စီးပွားချမ်းသာဖို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်များကို ရတနာခြင်းတောင်းသုံးမျိုးထဲသို့ သဘောတူရာ စုပေါင်းထည့်လိုက်လျှင် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကဟူ၍ ပိဋကသုံးပုံဖြစ်လာပါတယ်။ သုံးပုံပိဋက တရားဒေသနာတော်မြတ်များကို သင်ကြားပို့ချပေးခြင်း၊ သင်ယူမှတ်သားခြင်းတို့ကို ပရိယတ္တိဟု ခေါ်ပါတယ်။ ပရိယတ္တိတရားတော်များသည် ရှောင်ကြဉ်ဖို့၊ ကျင့်ကြံဖို့၊ နှလုံးသွင်းသိရှိဖို့ကို ညွှန်ကြားတော်မူပါတယ်။ ထိုပရိယတ္တိ တရားဒေသနာတော်များက ညွှန်ကြားသည့်အတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်ခြင်းကို ပဋိပတ္တိလို့ခေါ်ပါတယ်။ ပဋိပတ္တိအစွမ်းကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် စသော အသိထူးများရရှိခြင်းကို ပဋိဝေဓလို့ ခေါ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ်တို့တွင် ပရိယတ္တိသည် အခြေခံမူလ ပဓာနကျပါတယ်။ သစ်ပင်ကြီးတစ်ပင်မှာ ရေသောက်မြစ်ရှိမှသာ ပင်စည်၊ အကိုင်းအခက်တွေ ကြာရှည်စွာ တည်တံ့နေမှာ ဖြစ်ပါတယ်။ ရေသောက်မြစ်မရှိလျှင် ကြာရှည်စွာ တည်တံ့မနေနိုင်ပေ။ အပွင့်၊ အသီးများလည်း ဖူးပွင့်ဝေဆာ မဖူးနိုင်၊ မပွင့်နိုင်၊ မသီးနိုင်ကြသကဲ့သို့ ထိုနည်းတူစွာပင် သာသနာတော်သုံးရပ်၌လည်း ပရိယတ္တိမှ မရှိလျှင် ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာတို့သည်လည်း မတည်ရှိနိုင်တော့ပေ။

ရေကန်ကြီးဥပမာနှင့် ပြောရလျှင် ရေကန်ကြီးမှာ ကန်ပေါင်ကန်ရိုးသာမရှိလျှင် ရေကန်ထဲ၌ ရေတွေ၊ ကြာပင်တွေ ကြာရှည်စွာ မတည်နိုင်ပေ၊ ရေမရှိလျှင်လည်း ကြာပင်များ မပေါက်ရောက်နိုင်ပေ။

ထိုဥပမာအတိုင်းပင် ပရိယတ္တိသည် ကန်ပေါင်ကန်ရိုးနှင့် တူပါသည်။ ပဋိပတ္တိသည် ရေနှင့် တူပါသည်။ ပဋိဝေဓသည် ကြာပင်၊ ကြာပွင့်များနှင့် တူပါသည်။ ထို့ကြောင့် ပဋိပတ္တိဟူသောရေကြည်ရေအေး၊ ပဋိဝေဓ ဟူသော ကြာပင် ကြာပွင့်များနှင့် လှပတင့်တယ်စွာ ရှိဖို့ဆိုသည်မှာ ပရိယတ္တိဟူသော ကန်ပေါင်ကန်ရိုးကြီး ခိုင်ခိုင်ခံ့ခံ့ ရှိဖို့လိုအပ်ပါတယ်။ ကန်ပေါင်ကန်ရိုးကြီးကတော့ ခိုင်ခိုင်ခံ့ခံ့ရှိပါ၏။ သို့သော် ကန်ထဲ၌ ရေလည်းမရှိ၊ ကြာလည်းမရှိလျှင် ခြောက်သွေ့နေသည့် ကန်ကြီးသည် တင့်တယ်မှုမရှိသဖြင့် မည်သူမည်ဝါမျှ စိတ်ဝင်စားမှုမရှိ၊ ရေကိုလည်း မသောက်ရ မချိုးရသဖြင့် ဘာမျှအကျိုးမရှိတော့ပါ။ ထို့အတူ ကန်ပေါင်ရိုးနှင့်တူသည့် ပရိယတ္တိတစ်ခုတည်းသာ ရှိမည်ဆိုပါကလည်း ပဋိပတ္တိ ဟူသော သာသနာ့အရသာဖြစ်သည့် ရေကြည်ရေအေးလည်း မသောက်ရ၊ ပဋိဝေဓဟူသော ကြာဖူး၊ ကြာပန်းများလည်း မပွင့်နိုင်သဖြင့် သာသနာတော်ကြီးသည် တင့်တယ်လှပမည် မဟုတ်ပါ။

ဒါကြောင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနဓဇအာဇာနည်အရှင်မြတ်များအား ရေတွေတည်တံ့ဖို့ ကန်ပေါင်ရိုးကြီးကို ခိုင်ခိုင်ခံ့ခံ့ရှိအောင် ကြိုးစားအားထုတ်တော်မူကြခြင်းဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ ရေကန်ကြီးထဲမှာ ရေတွေရှိအောင် ကြာပင်၊ ကြာပန်းများနှင့် လှပတင့်တယ်မှုရှိအောင် ဆက်လက်၍ ကြိုးစားအားထုတ်ကြဖို့လည်း သတိပေးစကား ပြောကြားလိုပါတယ်။

သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့နေကြသည့် နိုင်ငံတော်အစိုးရနှင့်တကွ ဒါယကာ ဒါယိကာမအပေါင်းတို့က ဥယျာဉ်မှူးနှင့် တူပါတယ်။ ဥယျာဉ်မှူးသည် သစ်ပင်များကို ရေမလောင်း ပေါင်းမသင်ဘဲ ထားလျှင် သစ်ပင်များဟာ ညှိုးနွမ်းခြောက်သွေ့ပြီး ရေတွေများစွာ လောင်းပြန်လျှင်လည်း စိမ့်ဖမ်းပြီး သစ်ပင်သည် သေသွားနိုင်ပါတယ်။ ထိုနည်းတူစွာပင် သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့ရာမှာ ရေပြတ်နေသည့် သစ်ပင်များလိုလည်း မဖြစ်ရအောင်၊ ရေတွေများပြီး စိမ့်ဖမ်းလို့ သေသွားသည့်သစ်ပင်များလိုလည်း မဖြစ်ကြရလေအောင် ပြုစုစောင့်ရှောက်ထောက်ပံ့ပါက သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ကာ ဆရာဒကာနှစ်ဖြာစလုံး ဆင်းရဲဆုံးရာ ချမ်းသာအမှန် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြောင်း၊ ဆိုက်ရောက်နိုင်ကြပါစေလို့လည်း ဆုတောင်းပတ္ထနာပြုရင်း သာရဏီယဩဝါဒကထာကို နိဂုံးချုပ် အပ်ပါသည် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့.......။

---

✪ **ရွှေဖုံးမှ**

ရွေးချယ်ရေးစာမေးပွဲ ပုစ္ဆကအကူဆရာတော်များနှင့် ကြီးကြပ်ရေးဆရာတော်များ၊ (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘော ရေးဖြေအောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာသက်ခိုင်ဝင်း၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရနှင့် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဂန္ဓမာတို့အား ဒုတိယသမ္မတ ဦးညိုစောက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် နှစ်ပါး၊ ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် သုံးပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ သာသနဓဇ အာဇာနည် အရှင်မြတ် တစ်ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် ခုနစ်ပါး၊ ဝိနယဓရဘွဲ့တံဆိပ်တော်ရ သာသနဓဇ အာဇာနည်အရှင်မြတ် ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇ အာဇာနည်အရှင်မြတ် ၁၁ ပါး၊ ဥဘတောဝိဘင်္ဂရဘွဲ့ တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ၄၆ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ဒုတိယသမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည် အရှင်သူမြတ်တို့အား ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြပြီး လိုဏ်ဂူတော်ပရိဝုဏ်အတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင် အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက် ပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီ အထူး ဉာဏ်ပညာအထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကသုံးပုံနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေးတို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ စာမေးပွဲကြီး စတင်ကျင်းပသည့် (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၆ ခုနှစ်အတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်သူမြတ်များ ထူးခြားစွာပေါ်ထွန်းခဲ့ရာ ယခု (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ပေါ်ထွန်းလာသည့် အရှင်ဝိစိတ္တသာရ အရှင်သူမြတ်မှာ ၁၈ ပါးမြောက်သာသနဓဇအာဇာနည် ဖြစ်ကြောင်းနှင့် တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇ အာဇာနည် အရှင်သူမြတ်များ ဆက်လက် ပေါ်ထွန်းလာဦးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်တို့နှင့် တွေ့ဆုံ

**ရန်ကုန် မေ ၂၉**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည်ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်(အငြိမ်းစား)များအား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး ပုလဲခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။

**ပြောကြား**

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းရာ၌ အထောက်အကူဖြစ်စေရန်နှင့် ထိရောက်စေရန်အတွက် ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရှိ ဥပဒေပညာရှင်များနှင့် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဥပဒေပညာရှင်များနှင့် တွေ့ဆုံပြီး ဥပဒေစကားဝိုင်းပြုလုပ်ရန် အမြဲစဉ်းစားခဲ့ပါကြောင်း၊ ဥပဒေပညာရှင်များအနေဖြင့် တည်ဆဲဥပဒေများနှင့်ပတ်သက်ပြီး ခေတ်နှင့် မလျော်ညီတော့သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ခေတ်နှင့်အညီ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများ အေးချမ်းလုံခြုံစွာနေထိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် မိမိတို့အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးများတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းရမည်ဖြစ်ပါကြောင်း၊ လတ်တလောအနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့်ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပညာရှင်များအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်တို့နှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေပညာရှင် (အငြိမ်းစား)များက ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဆွေးနွေး တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး သင်တန်းခန်းမ၌ ပြုလုပ်သည့် စီမံကိန်း၊ ရသုံးမှန်းခြေငွေစာရင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် မေ ၂၉**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန (Ministry of Agriculture and Rural Affairs–MARA)က ကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (GPPAD Forum)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ ၂၇ ရက်မှ ၂၈ ရက်အထိ Beijing International Convention Center တွင် ကျင်းပရာ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (GPPAD Forum)သို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် Liu Guozhong နှင့် ပါတီအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Agriculture and Rural Affairs မှ ဝန်ကြီး H.E .Mr. ZHANG Zhu၊ ကမ္ဘောဒီးယား၊ ကိုလံဘီယာ၊ လိုက်ဘေးရီးယား၊ မွန်ဂိုလီးယား၊ မိုဇမ်ဘစ်၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ဥဇဘက်ကစ္စတန်၊ အိုင်ဗရီကို့စ်တို့ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၄ နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမှုလျှော့ချရေး ဗဟိုဌာန(IPRCC)မှ ကိုယ်စားလှယ်များ၊ UN အဖွဲ့အစည်း ကိုးခုမှ ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံတက္ကသိုလ်တို့မှ ပါမောက္ခများ တက်ရောက်ကြသည်။






ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် Liu Guozhong က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်ကြသည်။

ထို့နောက်ပထမအကြိမ်ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက် အဖွဲ့အစည်း ကော်မတီ အစည်းအဝေးကို ကျင်းပရာ "ကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်း" (Global Partnership for Poverty Reduction and Development Alliance)ကိုတရားဝင်တည်ထောင်ကြောင်းကြေညာခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်း တည်ထောင်ရခြင်း ရည်ရွယ်ချက်မှာ အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းအကျိုးရှိရေးကိုအခြေခံကာ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူလူထုပူးပေါင်း ပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အတွေ့အကြုံဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပြီး အဆိုပါ အစည်းအဝေးတွင် GPPAD Charter၊ ကော်မတီဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း၊ GPPAD Action Plan တို့ကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဖိုရမ်အား ခေါင်းစဉ်လေးခုခွဲ၍ Parallel Sessions ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များက အုပ်စုခွဲ၍ ခေါင်းစဉ်အသီးသီးဖြင့် မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက Sub–Forum 3: Social Equity and Inclusive Development ကဏ္ဍ၌ မိန့်ခွန်းပြောကြားရာ မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဆင်းရဲမှုလျှော့ချရေးကို အားပေးကြောင်း ထပ်လောင်းအတည်ပြုခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းကာ ဆင်းရဲမှုလျှော့ချရေးနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်ရေးပတ်ဝန်းကျင် တည်ဆောက် သွားမည်ဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

မေ ၂၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ ပင်းကူးခရိုင်သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆောင်ရွက်ထားသော ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီစိုက်ပျိုးရေး၊ သန့်ရှင်းသော စွမ်းအင်အသုံးပြုမှုနှင့် လူနေမှုဘဝမြှင့်တင်ရေးဆိုင်ရာ စီမံကိန်းများကို လေ့လာကြည့်ရှုခဲ့သည်။

ထို့ပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမှုနှင့် ဆင်းရဲမှု လျှော့ချရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးစနစ်များကို ကြည့်ရှုလေ့လာခဲ့ပြီး ကျေးလက်ဒေသများ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အတွေ့အကြုံများနှင့် အောင်မြင်မှုများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှိုမြို့နယ်၌ တက်ငွေထွန်းအသေးစားချေးငွေလုပ်ငန်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးပြုလုပ်

**မိုးညှို မေ ၂၉**

ပဲခူးတိုင်းဒေသကြီး မိုးညှိုမြို့ "တက်ငွေထွန်း"အသေးစားချေးငွေလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောင်ဆုပန်စေတီတော်မြတ်ကြီးဝင်းအတွင်းရှိ ဓမ္မာရုံ၌ မေ ၂၈ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

**အမှာစကားပြောကြား**

ဦးစွာ တက်ငွေထွန်းအသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးအေးကျော်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်ကျော်တို့က အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တင်ပြသည့် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူများက အသင်းသားများအား စုဆောင်းငွေပေါ်အမြတ်များခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၂၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် အောင်ဆန်းခန်းမ၌ ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အမှာစကား ပြောကြားရာတွင် တပ်မတော်အတွက် အရေးပါသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးလျက်ရှိသည့် ဗထူးတပ်မြို့မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို တွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ဗထူးတပ်နယ်ရှိ သင်တန်းကျောင်းများမှ သင်တန်းနည်းပြများ၏ စေတနာထားလေ့ကျင့်သင်ကြားပေးမှုများကို အသိအမှတ်ပြုပါကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ မတူညီသည့် နိုင်ငံရေးစနစ်များ ကျင့်သုံးကြသည့် အင်အားကြီး နိုင်ငံနှစ်ခုအကြားတွင် တည်ရှိကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံရေး၊ လူမျိုးရေးကို အကြောင်းပြု၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပြီး လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ကြောင်း၊ အဆိုပါ လက်နက်ကိုင် သောင်းကျန်းမှု များအား တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် လက်တွဲ၍ အောင်မြင်စွာ တွန်းလှန် တိုက်ထုတ်နိုင်ခဲ့ကြောင်း။ ၂၀၂၁ ခုနှစ် နောက်ပိုင်းကာလများတွင် နိုင်ငံရေးအမြင်ကွဲလွဲမှု အပေါ် အခွင့်ကောင်းယူကာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင် ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့ အပါအဝင် အကြမ်းဖက်အဖွဲ့များသည် ဒေသအလိုက် အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် အချို့ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပြီး အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်မှုများ ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် တပ်ရင်းတပ်ဖွဲ့များရှိ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုများနှင့် အတူတကွ ပူးပေါင်း၍ နယ်မြေလုံခြုံရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာခဲ့ကြောင်း။

စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး အတွက် အဓိကလိုအပ်သည့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို တပ်မတော်က ကြိုးပမ်း ထမ်းဆောင်ရမည် ဖြစ်သည့် အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝသော ပြည်သူက အားကိုးယုံကြည်ရသည့် တပ်မတော်ဖြစ်အောင် မိမိတို့ကိုယ်စီ အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်အတွက် စွမ်းရည်၊ စွမ်းအားပြည့်ဝသည့် တပ်မတော်သားများ ပေါ်ထွန်းလာစေရေး လေ့ကျင့်ရေး သင်တန်းကျောင်းများက စနစ်တကျဖြင့် သင်ကြားမွေးထုတ်ပေးကြရမည် ဖြစ်ကြောင်း၊ ဗထူးတပ်နယ်ရှိ လေ့ကျင့်ရေး ကျောင်းများသည် တပ်မတော်အတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနေသဖြင့် နည်းပြများကလည်း စေတနာထား၍ အပြည့်အဝ သင်ကြားပေးရမည် ဖြစ်ကြောင်း၊ သင်ကြားပြသပေးရာတွင် “ရေးရှုမေတ္တာဂရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလေ့” ဆိုသည့်အတိုင်း မေတ္တာ၊ စေတနာအပြည့်ဖြင့် သင်ကြားပေးစေ လိုကြောင်း၊ နည်းပြများအနေဖြင့်လည်း မိမိ သင်ကြားပေးရသည့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာထားရမည်ဖြစ်ကြောင်း။

လူသားမျိုးနွယ်စုကို လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများတွင် ပါဝင်ပတ်သက်ခြင်း မရှိစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပါဝင်ပတ်သက်ခြင်းရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နေ့စဉ် ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရန်မှာ ကျန်းမာကြံ့ခိုင်ရေးသည် အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အရက်သေစာသောက်စားခြင်းများကို ရှောင်ကြဉ်ရန်လိုကြောင်း၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ သို့မှသာ ကိုယ်ကျန်းမာစိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာ ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှု ရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သားများ နှင့် မိသားစုဝင်များ အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန်လိုကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံတော် မပြိုကွဲရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်၍ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်၌ ကြုံတွေ့လာသော အခက်အခဲအမျိုးမျိုးကို အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက် ရှေ့ဆုံးက မားမားမတ်မတ် ရပ်တည် ကာကွယ်ခဲ့သည့် ကောင်းမြတ်သော အတိတ်သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ တပ်မတော်သားများသည် သစ္စာလေးချက် ဦးထိပ်ပန်ဆင်ကြသူများဖြစ်သည်နှင့် အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိကြရန်လိုကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်မိသားစုဝင်များအနေဖြင့်လည်း မိမိအကျိုး၊ မိသားစုအကျိုး၊ မိမိအဖွဲ့အစည်းအကျိုးအတွက် ပါရမီဖြည့်ဖက်ကောင်းများ ဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် မိသားစုဝင်များအနေဖြင့် မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကို ညီညွတ်မျှတအောင် သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဗထူးဒေသသည် စိုက်ပျိုးဖြစ်ထွန်းသည့် မြေအမျိုးအစားဖြစ်သည့်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးများကို ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ သို့မှသာ မိမိတို့၏ သက်သာချောင်ချိရေး အတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲအနေဖြင့် ပညာရေးကို အထူးအလေးထား အားပေးလျက်ရှိပြီး ကျောင်းနေအရွယ် ကလေးငယ်တိုင်း KG+9 အထိ မသင်မနေရ ပညာသင်ကြားရေးကိစ္စရပ်များကို အလေးထား ဆောင်ရွက်လျက် ရှိသဖြင့် တပ်မတော်သား မိသားစုဝင်များအနေဖြင့် မိမိတို့၏ သားသမီးများကို ပေးနိုင်သည့်အမွေသည် ပညာအမွေသာဖြစ်သည့်အတွက် ပညာတတ်များ ဖြစ်အောင် အလေးထား ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**❖ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီ အလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်**

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ မူလတန်းကြိုကျောင်း တက်ရောက်ပြီးမြောက်ခြင်း အသိအမှတ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

မိတ္ထီလာ မေ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မူလတန်းကြိုကျောင်း တက်ရောက်ပြီးမြောက်ခြင်း အသိအမှတ်ပြု မှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥယျာဉ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဌာနစိတ်မှူး ဒေါ်သဲမွန်လွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မူလတန်းကြိုကျောင်းမှ မူလတန်းကျောင်းသို့ ကူးပြောင်းသွားမည့် ကျောင်းသား ကျောင်းသူများအား အသိအမှတ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး ကလေးများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် မူလတန်းကြိုကျောင်းမှ ကလေးများအတွက် အာဟာရ ကုသိုလ်ရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း／တပ်ဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေး၊ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသနေသူများအား ကြည့်ရှုအားပေး



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ နယ်မြေခံဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။

နေပြည်တော် မေ ၂၉

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် တပ်မတော်ဆေးရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တပ်မတော် (ကြည်း) အရာခံ/အကြပ်ကြီး သင်ကျောင်းရှိ သင်တန်းသား စားရိပ်သာသို့ ရောက်ရှိပြီး ရိက္ခာ၊ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်များအား စတိုခန်းများအတွင်းထားရှိမှု အခြေအနေများ၊ ချက်ပြုတ်နေမှုနှင့် ကျွေးမွေးရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ စားရိပ်သာများအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ခြင်၊ ယင်များမရှိစေရေး ဆေးဖျန်းခြင်းများ ဆောင်ရွက်ရန်၊ စတိုအတွင်း ရိက္ခာများကို သန့်ရှင်းသပ်ရပ်စွာ စနစ်တကျထားရှိရန်၊ ရိပ်သာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရန်၊ ချက်ပြုတ်ကျွေးမွေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း အာဟာရပြည့်မီစွာ ကျွေးမွေးနိုင်ရေး စေတနာထား ဆောင်ရွက်ရန်တို့ မှာကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက်သင်တန်းကျောင်းဝင်းအတွင်း လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများ၊ အိပ်ဆောင်များ၊ စာသင်ဆောင်များနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ပြခန်းအတွင်း ခင်းကျင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) မြဝတီစားရိပ်သာတွင် ခြေလျင် တပ်ရင်းမှူးသင်တန်းမှ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် စံပြ စိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြဖြစ်အောင် ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် မျိုးစေ့များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြပြီး တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ Green House အတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မျိုးစေ့ထုပ်ပိုးခန်းအတွင်း ရုံးပတီ၊ ခွေဖရုံ၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ ဘူး၊ မုန်ညင်း၊ မုန်လာဥနှင့် ခရမ်းများကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့များ ထုပ်ပိုးနေမှုနှင့် သိုလှောင်ခန်းအတွင်း မျိုးစေ့များသိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း သည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ နယ်မြေခံဆေးရုံတွင် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၏ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည်နိုင်ငံတော်အကြီးအကဲက ဖြည့်ဆည်းပေးထားသည့် Portable Digital Dental သွားဓာတ်မှန်စက်နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ ပြည်သူများအတွက် ကွန်ပျူတာဖြင့် ခန္ဓာကိုယ်အတွင်းပိုင်းကို အလွှာလိုက် ဓာတ်မှန်ရိုက်စစ်ဆေးနိုင်သည့် CT Scan စက်အသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်နန်းကူးကူးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့် ချင်းပြည်နယ် တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိ




နေပြည်တော် မေ ၂၉

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်အတွင်းရှိ ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဒေသတစ်ဝိုက်တို့အား အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အဆိုပါ မြို့များအရောက် ပို့ဆောင်ပေးလျက်ရှိသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သမားများဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများအား အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ကျန်းမာရေးသုံးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်သည် ယနေ့တွင် ချင်းပြည်နယ် တီးတိန်မြို့မှတစ်ဆင့် တွန်းဇံမြို့သို့ ရောက်ရှိကြောင်း သိရသည်။

အဆိုပါ နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များကို မေ ၂၅ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့မှ တပ်မတော်လေယာဉ်များဖြင့် ကလေးမြို့သို့လည်းကောင်း၊ မေ ၂၆ ရက်တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖလမ်းမြို့သို့လည်းကောင်း၊ မေ ၂၇ ရက်တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် တီးတိန်မြို့သို့လည်းကောင်း၊ မေ ၂၉ ရက်တွင် တီးတိန်မြို့မှ တွန်းဇံမြို့သို့လည်းကောင်း ပို့ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်၍ ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၂ ခု ခွင့်ပြု



နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်တစ်ခုကို လည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ရှစ်ခုကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်သုံးခုတို့ကို လည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၀၅ သန်းနှင့် ငွေကျပ် ၂၉၉၇၇၃ ဒသမ ၆၃၉ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၈၇၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် ခွင့်ပြုပေးသည့် လုပ်ငန်းများမှာ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း၊ အဆင့်မြင့်ဟိုတယ်နှင့် ဈေးဝယ်စင်တာလုပ်ငန်း၊ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝါစိုက်ပျိုးခြင်း၊ ဆီသန့်ထုတ်လုပ်ခြင်းနှင့် သိုး၊ ဆိတ်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ ဘီစကွတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပေါင်မုန့်နှင့် မုန့်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ မော်တော်ဆိုင်ကယ်ကျွတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆံပင်တုထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း၊ အလူမီနီယံထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုး အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မြန်မာလုပ်သားဈေးကွက်ရှိ အလုပ်အကိုင်ခုနစ်မျိုး စစ်ဆေးအကဲဖြတ်ခြင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြေဆိုအောင်မြင်ခဲ့သည့် အရည်အသွေးပြည့်မီသူ ကျွမ်းကျင်လုပ်သား ၃၀၉ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်စန်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

နမ့်စန် မေ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများသို့ စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား ကို မေ ၂၈ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွေးလွင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသီတာနွယ်တို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဟိုရမ်းကျေးရွာအုပ်စုရှိ နမ့်လင်း(ရွာသစ်)ကျေးရွာ၊ ဝမ်နောင်ကျေးရွာအုပ်စုရှိ ဟိုတိကျေးရွာနှင့် ကုန်းပိတ်(ကုန်းမိတ်) ကျေးရွာတို့အတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀ စီကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



# ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်



ဟားခါး မေ ၂၉

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီဝင် ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် ယနေ့နံနက် ၁၀ နာရီတွင် တွန်းဇံမြို့ပေါ်ရှိ အစိုးရပိုင်အဆောက်အအုံများနှင့်ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် တွန်းဇံမြို့ အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေး ခန်းမဆောင်၌ ကျင်းပသည့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ ပေးအပ်ပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က ပျက်စီးဆုံးရှုံးမှုများကိုပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ယခုကဲ့သို့လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ တွန်းဇံမြို့နယ်တွင် အုပ်ချုပ်မှုယန္တရား စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးမှု အားကောင်းလာအောင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားကြသည်။

ယင်းနောက် တွန်းဇံမြို့ ပြန်လည် တည်ဆောက်ရေးအတွက် သွပ်၊ သံ၊ ဘိလပ်မြေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စု ၃၉ စု၊ လူဦးရေ ၂၆၅ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိအတွက် ထောက်ပံ့ငွေကျပ် ၁၃၆၈၉၉၀၀ ကို ပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အိုဘယ့် မိခင် ဧရာဝတီ (၃)

**တယော (ရေသယံဇာတ)**

### နိုဇာဒူးတမံအကြောင်း

မြစ်ဆုံတမံတည်ဆောက်မည့်နေရာနှင့် အနီးတွင် ကမ္ဘာ့အမြင့်ဆုံး ကျောက်ဖြည့်တမံများထဲမှ တစ်ခုအပါအဝင်ဖြစ်သော တမံတစ်ခုဖြစ်သည့် Nuozhadu Dam (နိုဇာဒူးတမံ) တည်ရှိပါသည်။ ထိုနိုဇာဒူးတမံသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၈၅၀ ထုတ်လုပ်ရရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ လန်ချန်းမြစ် (မဲခေါင်မြစ်၏ တရုတ်နိုင်ငံဘက်အပိုင်း) ယူနန်ပြည်နယ်၌တည်ရှိသော အမြင့် ၂၆၁ ဒသမ ၅ မီတာရှိသည့် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။

နိုဇာဒူးတမံကို တည်ဆောက်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၏ စက်မှုနှင့် လူနေမှုအတွက် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်၊ Lancang-Mekong Hydropower Cascade ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် တည်ဆောက်ရန်၊ Lancang (မဲခေါင်)မြစ်တွင် မိုးရာသီရေကြီးရေလျှံမှုကို ထိန်းညှိနိုင်စေရန်၊ မြစ်အောက်ပိုင်းဒေသများအတွက် ရေစီးဆင်းမှုကို ချောမွေ့စေရန်၊ မြစ်ရေစီးဆင်းမှု စနစ်တကျထိန်းချုပ်ရေးအဖြစ် မြစ်အောက်ပိုင်းရှိတမံများ (Xiaowan စသည်) နှင့် ပေါင်းစည်းကာ Cascade Regulation ပြုလုပ်နိုင်စေရန် ဖြစ်ပါသည်။

တမံတည်ဆောက်ထားသော မဲခေါင်မြစ် (လန်ချန်းမြစ်)သည် နိုင်ငံဖြတ်ကျော်စီးဆင်းသည့် မြစ်တစ်စင်းဖြစ်သောကြောင့် မြစ်အောက်ပိုင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများရှိပါသည်။ ရေစီးဆင်းမှုကို ထိန်းညှိနိုင်ခြင်းကြောင့် မဲခေါင်အောက်ပိုင်းရှိလာအို၊ ထိုင်းနှင့်ကမ္ဘောဒီးယားတို့တွင် ရေကြီးရေလျှံမှုလျော့နည်းခြင်း၊ စိုက်ပျိုးရေးအတွက် ရေကို စဉ်ဆက်မပြတ်ရရှိခြင်း၊ သောက်သုံးရေနှင့် စက်မှုလုပ်ငန်းသုံးရေအတွက် အထောက်အကူရရှိခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ခြင်း၊ မြစ်ကြောင်းသယ်ယူပို့ဆောင်ရေး တိုးတက်လာခြင်း၊ ဒေသခံများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း စသည့်အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။

ထိုကဲ့သို့ နိုဇာဒူးတမံ၏ ရေထိန်းညှိလွှတ်ပေးခြင်းကြောင့် မြစ်အောက်ပိုင်းနိုင်ငံများနှင့် ဒေသခံများအတွက် ဘေးအန္တရာယ် လျော့နည်းစေပြီး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသဖြင့် နိုင်ငံတကာရေးရာဆွေးနွေးမှုများတွင် မကြာခဏ အကိုးအကားပြုခံရသော နမူနာကောင်းတစ်ခုဖြစ်ပါသည်။

### သက်စောင့်ရေမြစ်ကြောင်းအတွင်း အမြဲစီးဆင်းနေမည်

နိုဇာဒူးတမံနှင့် မဲခေါင်မြစ်အတွင်း ရေထိန်းညှိမှုအကြောင်း အထက်တွင်ရေးသားခဲ့သလို ရေထိန်းညှိလွှတ်ပေးခြင်းဆိုသည်မှာ အဘယ်နည်း၊ မည်ကဲ့သို့လုပ်ဆောင်ပါသနည်း မေးစရာရှိနိုင်ပါသည်။ သက်စောင့်ရေ (Environmental Water / Environmental Flow) ဆိုသည်မှာ မြစ်၊ ချောင်း၊ ရေလှောင်တမံနှင့် အနီးပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင် Ecosystem မပျက်စီးစေရန်နှင့် သဘာဝသက်ရှိများ အသက်ရှင်နိုင်ရန်ထိန်းသိမ်းပေးသည့် လိုအပ်သော စီးဆင်းရေပမာဏ၊ အချိန်၊ ရေစီးနှုန်း၊ အရည်အသွေးတို့ကို တမံ၊ ရေလှောင်ကန်၊ ရေအားလျှပ်စစ်စီမံကိန်းများမှ တိကျစွာသတ်မှတ်ထားပြီး နေ့စဉ်ထုတ်လွှတ်ပေးသော အနည်းဆုံးရေပမာဏကိုဆိုလိုသည်။

**တမံတည်ဆောက်သည့်အခါ ရေကို သိုလှောင်၊ ထိန်းချုပ်လိုက်သောကြောင့် သဘာဝအတိုင်း စီးဆင်းနေသော မြစ်ရေစီးဆင်းမှု ပြောင်းလဲသွား၍ မြစ်ကြောင်းအောက်ပိုင်းကို ခြောက်သွေ့နိုင်ပြီး ငါးမျိုးစိတ်များနှင့် ရေနေသတ္တဝါများ မျိုးပွားမှုပျက်စီးနိုင်ပါသည်။ ထို့ကြောင့် သဘာဝမြစ်၏ "အသက်" ကို မပျက်စီးအောင် အနည်းဆုံးလိုအပ်**သည့် ရေကိုမဖြတ်တောက်ဘဲ ဆက်လက်ပေးရခြင်းကို သက်စောင့်ရေဟုခေါ်ပါသည်။

သက်စောင့်ရေ၏ အဓိကရည်ရွယ်ချက်များမှာ ငါးများနှင့် ရေနေသတ္တဝါများ အသက်ရှင်သန်စေရန်၊ ငါးမျိုးပွားချိန်တွင် လိုအပ်သောရေစီးနှုန်းနှင့် ရေအနက်တို့ ထိန်းညှိလွှတ်ရန်၊ မြစ်ကြောင်း ပုံသဏ္ဌာန်ထိန်းသိမ်းရန်၊ ရေစီးဆင်းမှုမရှိသည့်အခါ

> **ယနေ့ ကမ္ဘာကြီးသည် ပူနွေးလာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲလာမှုကြောင့် မြစ်ဝှမ်းများတစ်လျှောက်တွင် မိုးရာသီ၌ ရေကြီးရေလျှံမှုများ၊ နွေရာသီ၌ အပူချိန် ပိုမိုမြင့်တက်လာခြင်းကြောင့် ရေခဲတောင်များ အရည်ပျော်ခြင်းနှင့် ဒေသအချို့၌ ရေရှားပါးမှုပြဿနာများကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဧရာဝတီမြစ်ကဲ့သို့ ရာသီအလိုက် မြစ်ရေစီးနှုန်းနှင့် ရေစူးအနက် ကွာခြားချက်ကြီးမားသော မြစ်ဝှမ်းပေါ်တွင် တမံများတည်ဆောက်ခြင်းဖြင့် ရေကို လိုအပ်သောပမာဏအတိုင်း သိုလှောင်ထားနိုင်ပြီး ရေကြီးရေလျှံမှုပါ ထိန်းချုပ်ပေးနိုင်မည်**

သဲနုန်းများ စုပုံလာခြင်းကြောင့် မြစ်ကြောင်း ပိတ်ဆို့လာနိုင်ရာ Environmental Flow ဖြင့် မြစ်ကြောင်းကို သဘာဝအတိုင်း ထိန်းထားနိုင်ရန်၊ ရေအရည်အသွေးထိန်းသိမ်းရန်၊ ရေစီးဆင်းမှုနည်းပါးလျှင်ရေအပူချိန်မြင့်တက်လာပြီး အောက်ဆီဂျင် လျော့နည်းလာနိုင်၍ သက်စောင့်ရေဖြင့် ရေညစ်ညမ်းမှုလျော့နည်းစေရန်၊ မြစ်အနီးအနားရှိ သစ်တောများ၊ ရေလှောင်ကန်များ ထိန်းသိမ်းရန်တို့ ဖြစ်ပါသည်။

ယနေ့ ကမ္ဘာကြီးသည် ပူနွေးလာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲလာမှုကြောင့် မြစ်ဝှမ်းများတစ်လျှောက်တွင် မိုးရာသီ၌ ရေကြီးရေလျှံမှုများ၊ နွေရာသီ၌ အပူချိန်ပိုမိုမြင့်တက်လာခြင်းကြောင့် ရေခဲတောင်များ အရည်ပျော်ခြင်းနှင့် ဒေသအချို့၌ ရေရှားပါးမှုပြဿနာများကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဧရာဝတီမြစ်ကဲ့သို့ ရာသီအလိုက် မြစ်ရေစီးနှုန်းနှင့် ရေစူးအနက် ကွာခြားချက်ကြီးမားသော မြစ်ဝှမ်းပေါ်တွင် တမံများတည်ဆောက်ခြင်းဖြင့် ရေကို လိုအပ်သောပမာဏအတိုင်း သိုလှောင်ထားနိုင်ပြီး ရေကြီးရေလျှံမှုပါ ထိန်းချုပ်ပေးနိုင်မည်ဖြစ်ပါသည်။

ထိုသို့ ဆည်တမံတည်ဆောက်ကာ ရေသိုလှောင်သည့်အခါ ပိုလျှံသည့်ရေများသည် ရေပိုလွှဲများမှတစ်ဆင့် မူလမြစ်ကြောင်းအတွင်း ပြန်လည်စီးဝင်စေသလို ရေအားလျှပ်စစ်ထုတ်လုပ်ရန် အသုံးပြုသည့်ရေများသည်လည်း စက်လည်ပတ်ပြီးသည့်အခါ စက်ရုံရေထုတ်မြောင်းမှတစ်ဆင့် မူလမြစ်ကြောင်းအတွင်း ပြန်လည်စီးဝင်စေခြင်းဖြင့် ၁၂ လရာသီပတ်လုံး မြစ်ကြောင်းအတွင်း ရေစီးဆင်းနေမည်ဖြစ်ပြီး ရေကြောင်းသွားလာမှုပါ ရာသီမရွေး ပိုမိုဖွံ့ဖြိုးလာနိုင်ပါသည်။

ဧရာဝတီမြစ်ကြီးသည် မေခမြစ်နှင့် မလိခမြစ်တို့ ပေါင်းဆုံစီးဝင်ခြင်းမှ စတင်တည်ရှိလာပြီး ထိုမှတစ်ဆင့် မြန်မာပြည်အနှံ့ ဖြတ်သန်းစီးဆင်းလာကာ မြစ်လက်တက်ပေါင်းများစွာ ပေါင်းဆုံစီးဝင်လာသည့် မြစ်ကြီးတစ်စင်းဖြစ်ပါသည်။ အများသိပြီးဖြစ်သလို ဧရာဝတီမြစ်ကြီးအတွင်း စီးဝင်ရေပမာဏ၏ ၄၀ ရာခိုင်နှုန်းမှာ ချင်းတွင်းမြစ်မှဖြစ်ပြီး အဆိုပါချင်းတွင်းမြစ်ပေါ်တွင် မည်သည့်တမံမှ တည်ဆောက်ထားခြင်းမရှိသေးပါ။ မြန်မာနိုင်ငံ၏ အကြီးဆုံးရေအားလျှပ်စစ်စက်ရုံ(ရဲရွာ) တည်ရှိရာ ဒုဋ္ဌဝတီမြစ်ကြီးသည် ယနေ့တိုင် စီးဆင်းနေဆဲဖြစ်ပြီး ဧရာဝတီမြစ်ကြီးအတွင်းသို့ အစဉ်မပြတ်ဆက်လက်စီးဝင်နေပါသည်။

ဆန့်ကျင်ကန့်ကွက်လိုသောစိတ်၊ လူမှုကွန်ရက်မီဒီယာပေါ်တွင် ကြည့်ရှုသူများလိုသောစိတ်ဖြင့် အတင်းကာရော မျက်စိပိတ်၊ နားပိတ် ငြင်းဆန်နေသူများ ပြောဆိုရေးသားနေသလို မြစ်ဆုံတမံကြီး တည်ဆောက်ခြင်းကြောင့် မြစ်အောက်ပိုင်းဒေသတွင် ရေခန်းခြောက်မည်၊ ရေကြောင်းသွားလာရေး ခက်ခဲနိုင်မည်ဆိုသည်မှာ အခြေအမြစ်မရှိသော ခြောက်လုံးလှန့်လုံးများသာ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် မြစ်ဆုံတမံမှာ မည်မျှပင်ရှိသည်ဆိုစေကာမူ ထိန်းသိမ်းသိုလှောင်ထားနိုင်သည့်ပမာဏထက် တစ်လီတာပင် ပိုမိုသိုလှောင်၍မရသောကြောင့် ထိုပိုလျှံရေများသည် ရေပိုလွှဲမှတစ်ဆင့် မူလမြစ်ကြောင်းအတွင်း ပြန်လည်စီးဝင်စေမည် ဖြစ်ပါသည်။ ထို့အပြင် ရေအားလျှပ်စစ်ထုတ်လုပ်မည့် ရေလှောင်တမံဖြစ်ခြင်းကြောင့် တပ်ဆင်ထားသော စက်ပစ္စည်းများ လည်ပတ်စေရေးအတွက် ရေကို မဖြစ်မနေ အသုံးပြုရပေမည်။ ထိုအသုံးပြုပြီးသောရေများသည် စက်ရုံရေထုတ်မြောင်းမှတစ်ဆင့် မူလမြစ်အတွင်း ပြန်လည်စီးဝင်

> **မြစ်ဆုံတမံမှာ မည်မျှပင်ရှိသည်ဆိုစေကာမူ ထိန်းသိမ်းသိုလှောင်ထားနိုင်သည့်ပမာဏထက် တစ်လီတာပင် ပိုမိုသိုလှောင်၍မရသောကြောင့် ထိုပိုလျှံရေများသည် ရေပိုလွှဲမှတစ်ဆင့် မူလမြစ်ကြောင်းအတွင်း ပြန်လည်စီးဝင်စေမည်ဖြစ်ပါသည်။ ထို့အပြင် ရေအားလျှပ်စစ်ထုတ်လုပ်မည့် ရေလှောင်တမံဖြစ်ခြင်းကြောင့် တပ်ဆင်ထားသော စက်ပစ္စည်းများ လည်ပတ်စေရေးအတွက် ရေကို မဖြစ်မနေ အသုံးပြုရပေမည်။ ထိုအသုံးပြုပြီးသောရေများသည် စက်ရုံရေထုတ်မြောင်းမှတစ်ဆင့် မူလမြစ်အတွင်း ပြန်လည်စီးဝင်စေမည်ဖြစ်သောကြောင့် တမံအောက်ဘက်ဒေသများ ရေခန်းခြောက်မည်ဆိုသည်မှာ မဖြစ်နိုင်သော စွပ်စွဲချက်ဖြစ်**

စေမည်ဖြစ်သောကြောင့် တမံအောက်ဘက်ဒေသများ ရေခန်းခြောက်မည်ဆိုသည်မှာ မဖြစ်နိုင်သော စွပ်စွဲချက်ဖြစ်ပါသည်။

ဧရာဝတီမြစ်အတွင်း အနိမ့်တမံများ တည်ဆောက်မည်ဆိုလျှင် ရေကြောင်းသွားလာရေး ပြတ်တောက်မည်ဆိုသူများသည် မိုးဖြဲရေလှောင်တမံတွင် ထည့်သွင်းတည်ဆောက်ထားသော Navigation Channel အကြောင်း အသေအချာ မသိသေး၍ ပြောဆိုနေခြင်းသာဖြစ်မည်ထင်ပါသည်။ မြန်မာနိုင်ငံတွင် တည်ဆောက်ရေးစနစ်ပုံစံမျိုးစုံနှင့် ဖွဲ့စည်းတည်ဆောက်ထားသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၁ ရုံ၏ နိုင်ငံတော်အကျိုးပြုနေမှု၊ သဘာဝနှင့် သဟဇာတရှိစွာ လိုက်လျောညီထွေရှိနေမှုများကို ရာသီ၊ အချိန်အခါမရွေး သွားရောက်လေ့လာကြည့်ရှု၍ ရပါလျက်နှင့် အကောင်းမြင်စိတ်နည်းပါးပြီး ဆန့်ကျင်ကန့်ကွက်ရန်သာ ရည်ရွယ်ချက်ရှိနေသော အတွေးအခေါ်နှင့် အယူအဆရှိနေသူများ၊ အမှန်တရား၊ ပကတိအရှိတရားနှင့်ကင်းကွာစေရန် ပိတ်လှောင်ထားခြင်းခံနေရသူများက ၎င်းတို့အပြင် အများပြည်သူကိုပါ အယူအဆ အတွေးအခေါ်အမှားများနောက် ကောက်ကောက်ပါစေရန် လူမှုကွန်ရက်မီဒီယာများတွင် နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များ တိကျစွာဖော်ပြထားနိုင်ခြင်းမရှိဘဲ လူထုတုန်လှုပ်ချောက်ချားစေရန် နည်းပညာဆိုင်ရာအခေါ်အဝေါ်များကို သံတူကြောင်းကွဲ၊ ဆင်တူယိုးမှားသုံးစွဲကာ တိုင်းပြည်တိုးတက်ရေးကို ခြေထိုးခံနေကြသည်။

### တမံကြီးများနှင့် ငလျင်အန္တရာယ်

ရေလှောင်တမံကြီးများကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တည်ဆောက်ကြပြီး မည်သည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်သည်ဖြစ်စေ ရေကို လိုအပ်သောပမာဏတစ်ခုရရှိရန် သိုလှောင်ကြရမည်ဖြစ်သည်။ တမံများ၏အလေးချိန်၊ ရေလှောင်တမံ၏ရေဖိအားတို့ကြောင့် အောက်ခံဘူမိကျောက်သားပေါ်သို့ ဖိအားတစ်စုံတစ်ရာ သက်ရောက်စေပါသည်။ ထို့ကြောင့် ရေလှောင်တမံစီမံကိန်းများသည် ငလျင်ဖြစ်ပွားနိုင်သော ဒေသများတွင် တည်ဆောက်မည်ဆိုပါက အထူးသတိထား၍ ဒီဇိုင်းထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းများ ပြုလုပ်ကြရပါသည်။

ငလျင်ကြောင့် တမံများပျက်စီးမှုအမျိုးအစားများမှာ Slope Failure ဟုခေါ်သော မြေသားတမံများတွင် လျှောစောက်ပြိုကျခြင်း၊ Settlement ဟုခေါ်သော တမံ Crest နိမ့်ကျခြင်း၊ Cracking ဟုခေါ်သော ကွန်ကရစ်တမံများနှင့် CFRD တမံများ၏ ကွန်ကရစ်မျက်နှာပြင်များတွင် အက်ကွဲကြောင်းပေါ်ခြင်း၊ Seepage နှင့် Piping ဟုခေါ်သော တမံ၏ Core သို့မဟုတ် foundation တွင် ရေယိုစိမ့်မှုမြင့်တက်လာခြင်းတို့ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ Koyna Dam (India) သည် ၁၉၆၇ ခုနှစ်တွင် ပြင်းအား ၆ ဒသမ ၃ ပမာဏရှိ RTS ငလျင်တစ်ခုခံစားခဲ့ရပြီး တမံကိုပြုပြင်ကာ ဆက်လက်လည်ပတ်လျက်ရှိပါသည်။ ထို့အတူ တရုတ်နိုင်ငံ၏ Zipingpu Dam (China) သည် ၂၀၀၈ ခုနှစ်တွင် ပြင်းအား ၇ ဒသမ ၉ ပမာဏရှိ စီချွမ်ငလျင် (Sichuan earthquake M 7.9) ကို ခံစားခဲ့ရသလို ဂျပန်နိုင်ငံ၏ Fujinuma Dam (Japan)သည်လည်း ၂၀၁၁ ခုနှစ်တွင် တိုဟိုခု ငလျင်ဒဏ်(Tohoku earthquake M 9.0 )ကို ခံစားခဲ့ရသည်။ လက်ရှိအချိန်အထိ အဆိုပါတမံနှစ်ခုစလုံးမှာ ၎င်းတို့၏မူလတာဝန်များ ထမ်းဆောင်လျက်ရှိနေသည့်အပြင် Fujinuma တမံသည် သဘာဝဥယျာဉ်အဖြစ်ပါ ဖွင့်လှစ်ထားသဖြင့် အများပြည်သူများ လာရောက်အပန်းဖြေလေ့ရှိကြသည်။ ။

# မြန်မာကျောင်းသားလူငယ်များကို မြောက်ဝင်ရိုးစွန်းသို့ အခမဲ့ (၁၀) ရက်ကြာ သိပ္ပံလေ့လာရေးခရီးစဉ် သွားရောက်ခွင့်ရမည့် “Icebreaker of Knowledge 2026” ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

**နေပြည်တော် မေ ၂၉**

ရုရှားနိုင်ငံ ROSATOM အဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် “Icebreaker of Knowledge 2026” နိုင်ငံတကာအဆင့် (၃) ကြိမ်မြောက် သိပ္ပံပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ အသက် (၁၄) နှစ်နှင့် (၁၆)နှစ်အကြား ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲကို မေ ၅ ရက်မှ ဇွန် ၁၅ ရက် ကာလအတွင်း အဆင့်သုံးဆင့်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ရမှတ်အမြင့်ဆုံးဖြင့် အောင်နိုင်သူ ၁၀ ဦးသည် ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးဖြင့် မြောက်ဝင်ရိုးစွန်းသို့ ၁၀ ရက်ကြာ အခမဲ့သိပ္ပံလေ့လာရေးခရီး သွားရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ၂၀၂၆ ခုနှစ် ဇွန် ၃ ရက် နောက်ဆုံးထား၍ တရားဝင် ဝက်ဘ်ဆိုက် https://goarctic.energy/ တွင် အွန်လိုင်းမှတစ်ဆင့် အခမဲ့စာရင်းသွင်းပြီး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများသည် အဆင့် (၁) အနေဖြင့် မေ ၅ ရက်မှ ဇွန် ၃ ရက်ကာလအတွင်း အွန်လိုင်း ဉာဏ်စမ်းမေးခွန်း (Quiz) ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရာတွင် သိပ္ပံအခြေပြုဉာဏ်စမ်းပဟေဠိ(Quiz)ကို ဖြေဆိုရမည်ဖြစ်သည့်အပြင် မေးခွန်းအားလုံးဖြေဆိုကာ သတ်မှတ်ရမှတ်ရရှိသူများ အဆင့်(၂)သို့ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း။

အဆင့် (၂) အနေဖြင့် မေ ၁၈ ရက်မှ ဇွန် ၃ ရက် ကာလအတွင်း Webinars ဆွေးနွေးပွဲများ တက်ရောက်ရမည်ဖြစ်ပြီး အဆင့်(၁)အောင်မြင်သူများသည် အာတိတ်ဒေသရေကြောင်းပို့ဆောင်ရေး ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသည့် နည်းပညာများအပါအဝင် Rosatom ၏ ဆန်းသစ်သောဖြေရှင်းချက်များနှင့် ပတ်သက်သည့် အွန်လိုင်း Webinar များကို လေ့လာ၍ စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း။

အဆင့် (၃) အနေဖြင့် ဇွန် ၅ ရက်မှ ၁၅ ရက် ကာလအတွင်း ဗီဒီယိုတင်ဆက်မှု (Video Presentation) ပြုလုပ်ရမည်ဖြစ်ပြီး အဆင့် (၁) နှင့် အဆင့် (၂) တို့တွင် စုစုပေါင်းရမှတ် အမြင့်ဆုံးရရှိသည့် နိုင်ငံများမှ ဆန်ခါတင် ၁၀ ဦးသည် နောက်ဆုံးအဆင့် လုပ်ဆောင်ချက်ခေါင်းစဉ်နှင့်သက်ဆိုင်သည့် ၎င်းတို့၏စိတ်ကူးစိတ်သန်းများကို “Video Business Card” (ဗီဒီယိုဖြင့် မိတ်ဆက်တင်ပြခြင်း)ပုံစံဖြင့် တင်ပြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲရလဒ်များကို ဇွန်လတွင် ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် မြောက်ဝင်ရိုးစွန်းသို့ သွားရောက်မည့် ကမ္ဘာ့အဆင့် အထူးခရီးစဉ်လက်မှတ်ကို ဆွတ်ခူးရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ RAIN ကိုယ်ပိုင်အဖွဲ့အစည်းမှ ပြန်ကြားရေးဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် အလက်ဇန္ဒားယူးစတပ်စ်က “ဗဟုသုတရေခဲခွဲသင်္ဘော (Icebreaker of Knowledge) စီမံကိန်းကို နိုင်ငံတကာအဆင့်အနေနဲ့ ကျင်းပတာ ဒါဟာတတိယအကြိမ်မြောက် ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၂၂ နိုင်ငံက ကလေးငယ်တွေဟာ နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးနဲ့ မြောက်ဝင်ရိုးစွန်းဆီကို စိတ်လှုပ်ရှားဖွယ်ရာပညာပေးခရီးစဉ်နဲ့စတင်ကြမှာပါ။ ၁၀ ရက်တာအတွင်းမှာ သူတို့ဟာ ထိပ်တန်းသိပ္ပံပညာရှင်တွေ၊ သိပ္ပံပညာပြန်ကြားရေးကျွမ်းကျင်သူတွေ၊ ဘလော့ဂါတွေနဲ့ အတူ အာတိတ်ဒေသကို လေ့လာစူးစမ်းကြမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ ကမ္ဘာ့အမြင့်ဆုံးအမှတ်ကို ရရှိဖို့ အတွက်သာမက ဗဟုသုတအမြင်တွေ ကျယ်ပြန့်လာစေဖို့၊ မိတ်ဆွေသစ်တွေရရှိဖို့၊ စံချိန်သစ်တွေ တင်နိုင်ဖို့နဲ့ ဝင်ရိုးစွန်းဝက်ဝံတွေကို မြင်တွေ့နိုင်ဖို့အခွင့်အရေး တစ်ခုဖြစ်ပါတယ်” ဟု ပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအား နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအနေဖြင့် လိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၂၉ ဦးနှင့် ချင်းပြည်နယ်မှ လူမှုရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူး ရုံးများနှင့် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်ဖွင့်လှစ်ခြင်း ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စရပ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ထောက်ပံ့ငွေပေးအပ်ခြင်းကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးစုအချင်းချင်း ရိုးရာယဉ်ကျေးမှုများ နီးနှောဖလှယ်နိုင်ရေးအတွက် အပြန်အလှန်လေ့လာရေးခရီးစဉ်များ၊ တိုင်းရင်းသားဘာသာစာပေသင် ဆရာ၊ ဆရာမ (Teaching Assistant-TA ၊ Language Teacher – LT) များ ခန့်ထားခြင်းကိစ္စရပ်များ၊ ဝန်ကြီးဌာန၏ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီးဒေါက်တာမောင်သင်း ကရင်ပြည်နယ် လူငယ်စင်တာ၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုများ ကြည့်ရှုအားပေး

**ဘားအံ မေ ၂၉**

လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီးရှိ ကရင်ပြည်နယ် လူငယ်စင်တာ၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ရေးရာလှုပ်ရှားဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ် GYM အားကစားခန်းမ လှာကမြင်ကွက်သစ် ဖွဲ့ကပင်မိုးလုံလေလုံ အားကစားရုံ၌ ကရင်ပြည်နယ် လက်ရွေးစင် ဘော်လီဘောအသင်း၏ သရုပ်ပြယှဉ်ပြိုင်ကစားမှု၊ မြန်မာ့ရိုးရာလက်ဝှေ့အခြေခံသင်တန်းသားများ၏ လက်ဝှေ့ရေးနှင့် သတ်(၉)သတ် သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးပြီး ရိုးရာလက်ဝှေ့သင်တန်းသား သင်တန်းသူ လူငယ်များနှင့် နည်းပြအုပ်ချုပ်သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသန္တရဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်

**မုံရွာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ကာလတို ငါးနှစ် ဒေသန္တရဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးဝန်ကြီးများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ကာလတို ငါးနှစ် ဒေသန္တရဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲရေး လုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့ဌာနများအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာနိုင်ငံ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နိုင်ရေး ကိစ္စရပ်များ၊ နိုင်ငံခြားသား ဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီးသွားလာခွင့် ကိစ္စရပ်များ၊ မန္တလေးလျှောင်ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေမြို့၌ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ မေ ၂၉**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုစာရင်းများကောက်ယူမည့်ပုံစံ ရှင်းလင်းခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဌာနအသီးသီးမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဗဟိုစာရင်းအင်းအဖွဲ့ ပြည်နယ်တာဝန်ခံက စာရင်းကောက်ယူမှုပုံစံတွင် ပါဝင်သည့်အပိုင်းများကို ကဏ္ဍအလိုက် တာဝန်ယူရမည့် ဌာနများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)သို့ တက်ရောက်ရာ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယမန်နေ့ ညနေပိုင်းကလည်း စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိုလှောင်ရုံနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိုလှောင်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၃-၂၀၂၇ မဟာဗျူဟာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၃-၂၀၂၇ မဟာဗျူဟာ လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ယနေ့ဆွေးနွေးပွဲကို ၂၀၂၃ မှ ၂၀၂၅ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ၂၀၂၆ မှ ၂၀၂၇ ခုနှစ်အထိ မဟာဗျူဟာစီမံချက်အပေါ် ရုံးချုပ်/ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများ၏ ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေကို ဆွေးနွေးရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုတိုးတက်စေရေးနှင့် ပြည်သူ့ဘဏ္ဍာ ငွေကြေးထိန်းကျောင်းတည့်မတ်စေရေး အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ အစီရင်ခံခြင်းများအတွက် မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်မှုများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးမှုများ ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ၏ ၂၀၂၃-၂၀၂၇ မဟာဗျူဟာ လုပ်ငန်းစီမံချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန် ကျန်ရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ သုံးသပ် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောင်းနေအရွယ် ကလေးသူငယ်အားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက နှိုးဆော်ဆောင်ရွက်လျက်ရှိ

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက်အမှတ် (၆ /၂၀၂၆)**

၁။ ပညာသင်ကြားခွင့်သည် လူသားတိုင်းရရှိရမည့် အခြေခံအခွင့်အရေးဖြစ်ပါသည်။ ပညာသင်ကြားခွင့်နှင့်စပ်လျဉ်း၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ (၁)နှင့် မြန်မာနိုင်ငံကပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈ နှင့် ၂၉ တို့တွင်ဖော်ပြထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပုဒ်မ ၄၆၊ ၄၇ နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၂၀ မှ ၂၅ အထိတို့တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

၂။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မသန်စွမ်းကလေးငယ်များအပါအဝင် ကျောင်းနေအရွယ်ကလေးသူငယ်အားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက နှိုးဆော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးသည် ပဓာနကျသည်ဖြစ်ရာ ပညာရေးကို အားပေးခြင်းဖြင့် ကလေးတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် ဆင်ခြင်တုံတရားမြင့်မားလာစေခြင်း၊ ကိုယ်ပိုင်ဘဝရပ်တည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ခြင်း၊ မိသားစုနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့ကို အကျိုးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည့်အပြင် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) ကို အထောက်အကူပြုနိုင်သည့် မျိုးဆက်သစ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသည့် နိုင်ငံတော်၏ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းကလေးများအပါအဝင် ကျောင်းနေအရွယ်ကလေးများ စာသင်နှစ်အလိုက်ကျောင်းအပ်နှံရေး၊ စာသင်ခန်းသို့ ပြန်လည်ရောက်ရှိရေး၊ အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခွင့်ရရှိရေး မိဘအုပ်ထိန်းသူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတက်ရောက်

ထားဝယ် မေ ၂၉

၂၀၂၆-၂၀၂၇ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက"ကျောင်းအပ်နှံကြပါစို့သီချင်း"နှင့် ဆရာ ဆရာမများက "ကမ်းလင့်ကာ ကြိုဆိုလျက်ပါသီချင်း" ဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အမှာစကားပြောကြားကာ အထက်တန်းအဆင့် အလယ်တန်းအဆင့်အတွက် ဗလာစာအုပ်များနှင့် မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံများ ပေးအပ်ကြသည်။

ထို့နောက် ဆရာ ဆရာမများက ကျောင်းအပ်ကြမယ် သီချင်းဖြင့်သီဆိုဖျော်ဖြေပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးပညာရေးမှူးက လက်ခံရယူပြီး ကျောင်းသား ကျောင်းသူများက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်အံ့ သီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**






## အင်းစိန်မြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

အင်းစိန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အင်းစိန်အထက(၁) ရောဝတီခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်လင်း(ခ)ဦးနေလင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်ယဉ်ယဉ်လှိုင်က ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က အခမဲ့ပေးအပ်သည့် ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်များနှင့် ခဲတံ၊ ဘောပင်များ၊ အလှူရှင်များက လှူဒါန်းသော ကျောင်းသုံးပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**

## လှည်းကူးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

လှည်းကူး မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အထက(လှည်းကူး)ရှိ အောင်ဆန်းခန်းမတွင် မေ ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်းတို့က အမှာစကားပြောကြားကြပြီး ခရိုင်ပညာရေးမှူး ဒေါ်သန္တာဝင်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းထားသည့် ကျောင်းသုံးစာရေးကိရိယာများကို ကျောင်းသား ကျောင်းသူလေးများထံသို့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **အိရွှေစင်လတ်**



## လွမ်းလျက်ပါ အမေ

❖ သနပ်ခါးနံ့၊ ကိုယ်သင်းနံ့လေး
ပျံ့မွှေးချိုချို၊ ယုယပိုလျက်
ကြိုဆိုထွေးပွေ့၊ သားချမ်းမြေ့သည့်
အမေ့ရင်ခွင်၊ ဖြစ်နိုင်လျှင်လေ
ခိုဝင်နမ်းဖွ၊ တစ်ကြိမ်မျှလောက်
ပြန်ရချင်ဘိ ခုများလေ။
လွမ်းလှပါရဲ့ ချစ်သောအမေ။

❖ အဖေ့အကြောင်း၊ သားအကြောင်းနှင့်
ရပ်ကြောင်းရွာကြောင်း၊ မျိုးဆွေကြောင်းတွေ
သောင်းပြောင်းထွေလာ၊ စီကာပတ်ကုံး
အပြုံးလှိုင်လှိုင်၊ ချက်ပိုင်ပိုင်နှင့်
မောနိုင်ရှာပေ၊ ရွှန်းရွှန်းဝေသည့်
အမေနှင့်သာ၊ တစ်ထိုင်စာလောက်
ထွေရာလေးပါး၊ စကားဆိုခွင့်
နားထောင်ခွင့်လေး
ရချင့်ပါဘိ ခုများလေ။
သားအားပါပြီ ချစ်သောအမေ။

❖ ဇက်ကြောတက်ကာ၊ ညောင်းညာနေလား
သားအနားလာ၊ နှိပ်ပေးမှာပေါ့
ငြင်သာဖွဖွ
တင်းသမျှပြေ၊ သက်သာလေအောင်
ညောင်းသမျှပြေ၊ အိပ်ပျော်လေအောင်
ခြေဆုပ်လက်နယ်၊ ရင်ဝယ်တောင့်တ
ပြုခွင့်ရချင် ခုများလေ။
တစ်ခဏဖြစ်ဖြစ် သားချစ်အမေ။

❖ အမေ့မြေးတွေ၊ ပွားစီးပေလျက်
မွေ့ခံထိုက်စေ၊ ပြည့်စုံပေသည့်
ဆွေဆက်မျိုးသစ်၊ အမေ့မြစ်များ
စကားတတ်လှ၊ လိမ္မာလှဘိ
ခဏဖြစ်စေ၊ မြစ်လေးတွေနှင့်
အမေတွေ့မြင်၊ ပျော်စေချင်သည်
ရင်မှာတောင့်တ ခုများလေ။
ချစ်ဖို့ကောင်းတယ် ချစ်သောအမေ။

❖ ဩော်...
သက်ခြောက်ဆယ်ကျော်၊ မြေးသော်သုံးယောက်
ထွန်းပေါက်ဖွားသစ်၊ 'အဘိုး' ဖြစ်မှ
ချစ်သောအမေ၊ လွမ်းတတ်လေဟု
အမေပြုံးလေ၊ ပြုံးပါလေတော့
ချစ်ဆွေသားလှ၊ တစ်ချိန်ကကို
ခဏဖြစ်စေ၊ တောင့်တပေလည်း
မကွေမကွာ၊ သည်ခန္ဓာနှင့်
သည်မှာဘဝ၊ ဘယ်ခါမျှလျှင်
မရနိုင်ပြီ၊ တွေးမိသည်၌
ရင်သည်ဟင်းလင်း၊ ပွင့်ပြတင်းသို့
အားတင်းမရ၊ ချုံးပွဲချသည်
နောင်တရင်မှာ ကုဋေကုဋာ။
အမေနားလည် ခွင့်လွှတ်ပါ။
ကြာလည်းမမေ့ လွမ်းလျက်သာ။

**ဇော်မင်းမင်းဦး**





❁ ကျောဖုံးမှ

ထမ်းဆောင်နိုင်ရန် အတွက် စိတ်အားထက်သန်စွာ စာရင်းပေးသွင်းကြသည့် လူငယ်များအား ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)၏ သင်တန်းဆင်းပွဲ အခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြရာ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းကျောင်းခန်းမများ၌ တွေ့ဆုံ အမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)မှသင်တန်းသားများကိုကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ရာ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို နိုင်ငံကြီးသားပီသစွာဖြင့် ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့ သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ ထမ်းဆောင်နေကြပြီဖြစ်သည်။

ထိုသို့ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၃)တွင် တက်ရောက်ခဲ့ကြသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့် ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၃)မှာ ရရှိခဲ့တဲ့ဆုကတော့ စစ်သည်တော်ကျင့်ဝတ်ဆု ဖြစ်ပါတယ်။ ဒီဆုကိုရရှိဖို့အတွက် ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှု သင်ပြမှုအပါအဝင် ကျွန်တော်ကိုယ်တိုင်အားစိုက်မှုတွေနဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၃)မှာ ကျွန်တော်ရရှိခဲ့တဲ့ အမှတ်တရအဖြစ်ဆုံးကတော့ ဒီဆုကိုရရှိခဲ့တဲ့အချိန်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ ကျွန်တော် ကျောင်းတက်တုန်းကလည်း အတန်းတွေမှာဆိုရင် ပထမဆု၊ ဒုတိယဆုတွေကို အကြိမ်ပေါင်းများစွာ ရရှိသူတစ်ယောက်ဖြစ်ပါတယ်။ တပ်မတော်အတွင်းမှာ ဒီဆုကိုရရှိခဲ့တဲ့ ခံစားရတဲ့ခံစားချက်နဲ့တော့ လုံးဝခြားနားပါတယ်။ အပြင်လောကမှာရရှိခဲ့တဲ့ဆုတွေထက် ဒီဆုကိုရရှိတဲ့အချိန်မှာ ရရှိတဲ့ခံစားချက်က အများကြီးသာ လွန်ပါတယ်။ ဒီသင်တန်းမှာ ရောက်ရှိနေတဲ့ ညီအစ်ကိုတွေက ဘဝပေါင်းစုံ အလွှာပေါင်းစုံမှ လူတွေအများကြီးရှိပါတယ်။ ဒီလူတွေနဲ့ သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံရတယ်။ အပြင်လောကမှာနဲ့ ဒီတပ်မတော်အတွင်းမှာနဲ့ နေထိုင်ရတာ အစစအရာရာမတူပါဘူး။ အပြင်လောကမှာ စည်းစနစ်သိပ်မရှိဘူး။ တပ်မတော်အတွင်းမှာက မနက်မျက်လုံးဖွင့်ချိန်ကစပြီး စည်းစနစ်ကျဖို့လိုတယ်။ အချိန် ကန့်သတ်ချက် ရှိတယ်။ တပ်မတော်မှာ One For All ဆိုတဲ့ စကားလုံးရှိပါတယ်။ တစ်ယောက်မကောင်းဘူးဆိုရင် အကုန်လုံးမကောင်းပါဘူး။ တစ်ယောက်ချင်းစီကကောင်းမှ တပ်မတော်ကကောင်းမှာပါ။ ဒါကြောင့် ဒီအတွေ့အကြုံလေးတွေ ကျွန်တော်ရရှိခဲ့ပါတယ်။



၂။သင်တန်းမှာ ရရှိခဲ့တဲ့ဆုကတော့ ချေမှုန်းရေးဆု ဖြစ်ပါတယ်။ ကိုယ်တစ်ယောက်တည်း ကောင်းလို့တော့ မရပါဘူး။ ချေမှုန်းရေးဆုဆိုတာကတော့ကိုယ့်နောက်လိုက်ရဲဘော်တွေ ကောင်းတာရယ် ဆရာကြီးတွေရဲ့ သင်ပြပေးတဲ့ နည်းစနစ်တွေကို လိုက်နာကျင့်သုံးပြီးမှ ဒီဆုကို ရရှိခဲ့တာပါ။ အများကြီးပြောင်းလဲလာပါတယ်။ ကျွန်တော်တို့ အပြင်မှာနေရင် စည်းကမ်းမရှိနေတာက များတယ်။ စားတယ်၊ သောက်တယ်။ အခုဒီမှာဆိုတော့ နေမှုထိုင်မှုနဲ့ အပြောအဆိုတွေကအစ စည်းနဲ့ကမ်းနဲ့ နေထိုင်ရတယ်၊ ပြောရဆိုရတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ဘယ်လိုဆက်ဆံရတယ်ကအစ နည်းပြတွေက သင်ကြားဆုံးမတဲ့အတွက် ကျွန်တော်တို့အနေနဲ့ဂုဏ်ယူပါတယ်။ သင်တန်းဆင်းတော့ သင်ကြားပေးတဲ့ နည်းပြတွေနဲ့ သင်တန်းအတူတက်ခဲ့တဲ့ ရဲဘော်ရဲဘက်တွေနဲ့ ခွဲခွာရတော့မယ့်အတွက်ကြောင့် ဝမ်းနည်းမိပါတယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ပေးဖို့လိုတယ်လို့ ယုံကြည်ပါတယ်။ နောက်တက်ရောက်မယ့် ညီငယ်တွေကိုလည်း တိုင်းပြည်ကို ကာကွယ်ရန်အတွက် ပြည်သူ့စစ်မှုထမ်းကိုလာရောက်ထမ်းဆောင် တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်း အသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်



ပခုက္ကူ မေ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ လမင်းစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့်UIDကတ်များပေးအပ်ပွဲကို မေ ၂၇ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦးက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲအောင်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးချစ်ကိုကိုနှင့် မြို့နယ်ဦးစီးမှူး ဦးရဲအောင်တို့က နေ့ချင်းပြီးဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်(၈၅)ကတ်နှင့် UIDကတ်(၁၀၅)ကတ်တို့အား ဒေသခံပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# အောင်လံမြို့၌ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများအား ကြိုဆို



အောင်လံ မေ ၂၉

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း အပတ်စဉ်(၂)တွင် စစ်မှုထမ်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နေရပ်သို့ ပြန်လည်ရောက်ရှိလာသော ပြည်သူ့စစ်မှုထမ်းများအား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အောင်လံမြို့ စက်ရုံရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မိမိတို့ကျရာ ပြည်သူ့စစ်မှုထမ်းတာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာကြသည့် ပြည်သူ့စစ်မှုထမ်းများအား ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပြည်သူ့စစ်မှုထမ်း အပတ်စဉ်(၂)မှ သင်တန်းဆင်း တာဝန်ကျေပွန်ခဲ့ကြသည့် သင်တန်းသားများအား ဂုဏ်ပြုချီးမြှင့်ငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## အမေရိကန်- အီရန် အပစ်အခတ်ရပ်စဲရေး ရက်ပေါင်း ၆၀ သက်တမ်းတိုးရန် ကနဦးသဘောတူညီမှုရရှိ

ဝါရှင်တန် မေ ၂၉

အီရန်နှင့် အပစ်အခတ်ရပ်စဲရေးကို ရက်ပေါင်း ၆၀ သက်တမ်းတိုးမည့် ကနဦး သဘောတူညီချက်တစ်ရပ်ကို အမေရိကန်တာဝန်ရှိသူများက လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Axios သတင်းဝက်ဘ်ဆိုက်က ယနေ့သတင်းဖော်ပြခဲ့သည်။

သို့သော် သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါအစီအစဉ်ကို အတည်ပြုခြင်း မရှိသေးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲများ စတင်နိုင်ရန် နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

တီဟီရန်အစိုးရက နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်ရေးကို မလုပ်ဆောင်ရန် ကတိပြုထားပြီး စေ့စပ်ညှိနှိုင်းသူများက အီရန်၏ အလွန်မြင့်မားစွာ သန့်စင်ထားသော ယူရေနီယံများကို ဖယ်ရှားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးသွားမည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်တွင် ဟော်မုဇ်ရေလက်ကြားကို အကန့်အသတ်မရှိ ဖြတ်သန်းခွင့်ရရှိရန် တောင်းဆိုထားသည်။ တီဟီရန်က ရက်ပေါင်း ၃၀ အတွင်း မည်သည့် မိုင်းများကိုမဆို ဖယ်ရှားပြီး ရေလက်ကြားဖြတ်သန်းခွင့် ကောက်ခံမှုကို ရပ်တန့်ရမည်ဖြစ်သည်။ အမေရိကန်ကလည်း အီရန်ဆိပ်ကမ်းများအပေါ် ပိတ်ဆို့ထားမှုကို ရုပ်သိမ်းရန် စီစဉ်နေကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။



အဆိုပါသဘောတူညီမှုကို အတည်ပြုရန် ရက်အနည်းငယ် လိုအပ်ကြောင်း သမ္မတ ထရမ့်က စေ့စပ်ညှိနှိုင်းသူများကို ပြောကြားခဲ့သည်။ သမ္မတ ထရမ့်သည် ကောင်းမွန်မှုမရှိသော သဘောတူညီချက်ကို လက်ခံမည်မဟုတ်ကြောင်း အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့တ် ဘတ်ဆန့်က ပြောကြားခဲ့သည်။

ဟော်မုဇ်ရေလက်ကြားသည် လွတ်လပ်ပြီး ပွင့်လင်းရမည်ဖြစ်ကြောင်းနှင့် ရေလက်ကြားတွင် အခကြေးငွေကောက်ခံရန် အစီအစဉ်မရှိကြောင်း စေ့စပ်ညှိနှိုင်းသူတစ်ဦးဖြစ်သည့် အိုမန်သံအမတ်ကြီးက အတည်ပြုပြောကြားခဲ့သည်။

သို့သော် အီရန်အစိုးရနှင့် နီးစပ်သော အီရန်မီဒီယာ Tasnim သတင်းဌာနက သဘောတူညီချက်ကို အပြီးသတ် အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အီဘိုလာရောဂါခံစားရသူများကို အားပေးရန်နှင့် ဆေးကုသမှုများပေးရန် ကွန်ဂိုနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ပြောကြား

ကင်ရှာဆာ မေ ၂၉

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မလုံခြုံမှု၊ နေရာရွှေ့ပြောင်းမှု၊ စားနပ်ရိက္ခာရှားပါးမှုနှင့် ရပ်ရွာလူထု၏ယုံကြည်မှုတို့ကို ရှုပ်ထွေးစေသည့် ပဋိပက္ခများကြောင့် အီဘိုလာရောဂါ ဖြစ်ပွားမှုသည် ပိုမိုမြင့်တက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ရောဂါထိခိုက်ခံစားရသူများကို အားပေးရန်နှင့် ဆေးကုသမှုများ ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က ကင်ရှာဆာမြို့တော် လေဆိပ်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

နိုင်ငံအရှေ့ပိုင်း အီတာရီပြည်နယ်မြို့တော် ဘူနီယာ၌ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေများကို သွားရောက်စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပဋိပက္ခနှင့် မလုံခြုံမှုသည် ရောဂါတုံ့ပြန်မှုကို ဟန့်တားသည့် အဓိကအကြောင်းအရင်းများဖြစ်သည့်အတွက် လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်ပေါ်နေသည့် ဒေသများတွင် အပစ်အခတ်ရပ်စဲရေး တောင်းဆိုပါကြောင်း ဂါဘရီယီဆက်စ်က ထပ်လောင်းပြောကြားခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ခရီးသွားများအား နိုင်ငံအချို့မှ ချမှတ်ထားသော ခရီးသွားလာမှု ကန့်သတ်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာတွင် ခရီးသွားလာမှု တားမြစ်ချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားခြင်းမရှိကြောင်း ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။

ယင်းသို့ ခရီးသွားလာခွင့် ပိတ်ပင်မှုများသည် အပျက်သဘောဆောင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များ ရှိလာနိုင်ကြောင်းနှင့် ရောဂါဖြစ်ပွားမှုကို ပွင့်လင်းမြင်သာစွာ အစီရင်ခံသည့် နိုင်ငံများအနေဖြင့် စောစီးစွာ အစီရင်ခံခြင်းကို အားလျော့စေနိုင်ကြောင်း ၎င်းက သတိပေးပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**




## အစ္စရေးဝန်ကြီးချုပ်က အစ္စရေးတပ်ဖွဲ့ကို ဂါဇာဒေသ၌ ပိုမိုတိုးချဲ့ထိန်းချုပ်ရန် ညွှန်ကြား

ဂျေရုဆလင် မေ ၂၉

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ကို ဖိအားပေးရန်အတွက် ၎င်း၏ တပ်ဖွဲ့ကို ပိုမိုတိုးချဲ့ထိန်းချုပ်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

ဂါဇာဒေသ၏ ၆၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း နေတန်ယာဟုက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဂါဇာတွင်အစ္စရေးနှင့်ဟားမတ်စ်တို့အကြား အပစ်အခတ်ရပ်စဲရေးသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် အမေရိကန်ဦးဆောင်သည့် ငြိမ်းချမ်းရေးအစီအစဉ်ကို အခြေခံ၍ စတင်အသက်ဝင်ခဲ့သည်။ သို့သော် အပစ်အခတ်ရပ်စဲရေး စတင်ချိန်မှစ၍ လူ ၉၂၂ ဦး သေဆုံးခဲ့ကြောင်း နယ်မြေခံကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ဒေသတွင် ဆက်တိုက်ဆိုသလို တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ငြိမ်းချမ်းရေးအစီအစဉ်တွင် အစ္စရေးတပ်များ ဆုတ်ခွာရေးနှင့် ဟားမတ်စ်အဖွဲ့အား လက်နက်ဖျက်သိမ်းရေးတို့ ပါဝင်သည်။

သို့သော် လက်ရှိအချိန်အထိ စီမံချက်နှင့်ပတ်သက်ပြီး ကြီးကြီးမားမား တိုးတက်မှုမရှိသေးပေ။

ဂါဇာကမ်းမြောင်ဒေသသည် ဆိုးရွားလှသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေတစ်ရပ်ကို ဆက်လက်ရင်ဆိုင်နေရသည်။ နေထိုင်သူအများအပြားသည် ရွက်ဖျင်တဲများတွင် နေထိုင်နေကြရဆဲဖြစ်သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**


### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၅-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၅၀ | ၄၇၂၀ | ၄၆၆၅ | ၄၅၆၅ | ၄၇၂၀ | ၄၇၃၅ | ၄၇၇၅ | ၄၆၄၀ | ၄၇၇၅ | ၅၀၇၅ | ၄၆၆၀ | ၄၈၁၀ | ၄၇၆၀ | ၄၇၁၅ | ၄၇၂၀ | ၄၉၄၀ |
| 95 Ron | ၄၆၂၀ | ၄၇၉၅ | ၄၇၄၀ | ၄၆၃၅ | ၄၇၉၅ | ၄၈၁၀ | ၄၈၅၀ | ၄၇၁၅ | ၄၈၅၀ | ၅၁၅၀ | ၄၇၃၅ | ၄၉၁၅ | ၄၈၃၅ | ၄၇၉၀ | ၄၇၉၅ | ၅၀၁၅ |
| HSD (500 ppm) | ၄၅၉၅ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၀ | ၄၇၆၀ | ၄၇၇၀ | ၄၈၀၀ | ၄၆၈၀ | - | ၅၀၉၅ | ၄၇၀၀ | ၅၁၆၀ | ၄၇၉၅ | ၄၇၅၀ | ၄၇၅၅ | ၄၉၆၅ |
| HSD (50 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | ၅၇၈၀ | ၆၀၀၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |
| HSD (10 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | | ၆၀၀၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၁၆ | ၄၄၃၆ |
| 95 Ron | ၄၃၈၇ | ၄၅၈၉ |
| HSD (500 ppm) | ၄၃၇၄ | ၄၄၉၁ |
| HSD (50 ppm) | ၅၂၈၇ | ၅၄၂၂ |
| HSD (10 ppm) | ၅၂၈၇ | ၅၄၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




## ကမာရွတ်မြို့နယ်၌ ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ် အသိပညာပေးဟောပြော

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးတွင် ကောင်းမွန်သောဆေးဝါးရောင်းချမှုကျင့်စဉ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)၊ ဆေးဝါးဌာနခွဲမှ ဦးစီးအရာရှိများက ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ်နှင့်ပတ်သက်၍ သိသင့်သောအကြောင်းအရာများ၊ ကောင်းမွန်သောဆေးဝါးဖြန့်ဖြူးမှု ကျင့်စဉ်၊ ဆေးဝါးများပေးဝေခြင်း အကြောင်းများနှင့် အမျိုးသားဆေးဝါးဥပဒေနှင့်ပတ်သက်၍ သိသင့်သည်များကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**



## ပြင်ဦးလွင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

ပြင်ဦးလွင် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ထူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးမှူး ဦးထင်လတ်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်သူ ပြည်သူ ၁ဝ၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မုံရွာမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

မုံရွာ မေ ၂၉

မုံရွာမြို့ပေါ်ရှိ ဟိုတယ်၊ တည်းခိုခန်း၊ အင်း၊ ဧည့်ရိပ်သာ၊ ဧည့်ဂေဟာ၊ စက်သုံးဆီ အရောင်းဆိုင်များနှင့် စက်ရုံ/အလုပ်ရုံများကို ယနေ့နံနက်ပိုင်းက မုံရွာမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မိုအောင် ဦးဆောင်သောအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် စစ်ဆေးတွေ့ရှိချက်များ၊ အကြံပြုချက်များကို လုပ်ငန်းလုပ်ကိုင်နေသူများအား ချပြရှင်းလင်းခြင်း၊ လိုက်နာဆောင်ရွက်စေခြင်း၊ မီးလောင်မှုမဖြစ်ပေါ်စေရေး အလေးထား ဆောင်ရွက်သွားရန်နှင့် မီးသတ်ယာဉ် ဝင်လမ်း/ထွက်လမ်းများ ကောင်းမွန်စေရေး၊ အရေးပေါ် ရေလုံလောက်စွာ ရရှိစေရေး၊ မီးသတ်ဆေးဘူး အသုံးပြုတတ်စေရေးတို့ကို အကြံပြုစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မုံရွာ(ကိုယ်ပွား)**

## ပေါင်းတည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

ပေါင်းတည် မေ ၂၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဌာနဆိုင်ရာများ၊ ကျေးလက်ပြည်သူများနှင့် ပူးပေါင်း၍ မေ ၂၆ ရက် နံနက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါက်တန်းကျေးရွာဓမ္မာရုံ၌ ပြည်သူ့စကားဝိုင်း ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေသင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းဝင်းမော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးမင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမျိုးမင်းမောင်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးထင်လင်းအောင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်သန္တာထွန်းတို့က ပူးပေါင်းပါဝင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဦးဆောင်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့်စာအုပ်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင် ပြပွဲကို ကျေးလက်ပြည်သူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ရွှေသား(IPRD)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေးဒနော်ဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်း မြို့နယ်ရှိ ဒေးဒနောဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုသည်။



### ကြည့်ရှုစစ်ဆေး

ရိပ်သာ၌ ဘိုးဘွားရိပ်သာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘိုးဘွားများအား လက်ခံဆောင်ရွက်ပေးနေမှု၊ ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှု၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားမှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များကို ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ အဆောက်အအုံများအတွင်း အဆင်ပြေ လွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန်နှင့် အပန်းဖြေ အနားယူနိုင်ရန် နေရာစီစဉ်ဆောင်ရွက်ထားမှု၊ ဘိုးဘွားများအား လူမှုရေးပင်စင်ရရှိရေး ဆောင်ရွက်ပေးမှုနှင့် အငြိမ်းစားဝန်ထမ်းဘိုးဘွားများအား ပင်စင်ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်

ရန်ကုန် မေ ၂၉

ငါးလုပ်ငန်းဦးစီးဌာန ၂၀၂၅-၂၀၂၆ ခုနှစ် ငါးမဖမ်းရ ရာသီပိတ်ကာလအတွင်း ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသံချောင်းက အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို နည်းပြများက ပြည်သူ့နီတိ(လူ့ကျင့်ဝတ်များ)၊ မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် VMS အတွက် ညွှန်ကြားချက်အမှတ်(၅/၂၀၂၀)၊ ပင်လယ်ငါးဖမ်းရေလုပ်သားများ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရန်အတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုရှိစေရေး ဆိုင်ရာများ၊ ငါးဖမ်းလှေနှင့် ငါးချဆိပ်ကမ်းများတွင် ငါး/ပုစွန်များ ကိုင်တွယ်ထိန်းသိမ်းသိုလှောင်ခြင်း နည်းလမ်းများ၊ ရေးဦးသူနာပြုစုနည်းနှင့် မီးဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို သင်တန်းသား ၄၀ အား မေ ၂၉ ရက်မှ ဇွန် ၈ ရက်အထိ ခြောက်ကြိမ်စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။



**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မကွေးမြို့၌ သီးနှံမျိုးစေ့များ ပေးအပ်

မကွေး မေ ၂၉

မကွေးမြို့နယ် အတွင်း တောင်သူများ၏ သီးနှံအလိုက် အထွက်နှုန်း တိုးတက်မြင့်မားရေး အတွက် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ခုနှစ် စိုက်ပျိုးရာသီအတွက် သီးနှံမျိုးစေ့များ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မကွေးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးငွေဆန်းက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းက တောင်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်လေးခုကို စနစ်တကျမှန်ကန်စွာ အသုံးချ စိုက်ပျိုးရန် လိုအပ်ကြောင်းနှင့် ယခုပေးအပ်သည့် မျိုးသန့်မျိုးစေ့များအား တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်းနှင့် မျိုးစေ့ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း မျိုးကောင်းမျိုးသန့် လုံလောက်စွာ ပြန့်ပွားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မကွေးမြို့နယ်အတွင်းရှိ ငါးဆောင်၊ မကြီးကန်၊ သပြေစမ်း၊ သဖန်းဆိပ် ကျေးရွာတို့ရှိ တောင်သူများအတွက် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါနှင့် ပိုက်ဆံလျှော် မျိုးစေ့များ ပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## မင်းတုန်းမြို့၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)စုပေါင်း ကြဲပက်ခြင်းဆောင်ရွက်



မင်းတုန်း မေ ၂၉

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မေ ၂၈ ရက်တွင် မင်းရွာကိုင်း ကျေးရွာ တောင်သူ ဦးမြင့်သိန်း၏ လယ်မြေ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ခြင်း ကွင်းပြပွဲဆောင်ရွက်သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီလွင်နှင့် ဌာနဆိုင်ရာများ၊ မင်းရွာကိုင်း ကျေးရွာနှင့် တံတားကျေးရွာအုပ်စုရှိ တောင်သူများ တက်ရောက်ကြပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များကို တောင်သူများအား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ချင်းကလေး(NRDC)**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၁၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် မေ ၂၉

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံး အခြေချ လုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်း လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများကိုအသုံးပြု၍ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်လူနေ အဆောက်အအုံ သုံးလုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ တို့ကို အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်း ဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု။

ယနေ့တွင် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ်လူနေအဆောက်အအုံသုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၁၅ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်း လိမ်လည် လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် မေ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mya Thida Win 8811” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မြသီတာဝင်း(ခ)ရှမ်းမအား ည ၆ နာရီ ၂၅ မိနစ်တွင် မတ္တရာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် မေ ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မေ ၁၈ ရက်မှ ၂၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၂ ဒသမ ၄၉၀၄ တန်၊ သစ်မာ ၉ ဒသမ ၆၂၉၀ တန်၊ အခြားသစ် ၅၀ ဒသမ ၃၈၀၂ တန် စုစုပေါင်း ၇၂ ဒသမ ၄၉၉၆ တန်၊ ယာဉ်/ယန္တရားငါးစီး၊ တရားခံ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်၌ ကျောက်စီရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

ဘုတ်ပြင်း မေ ၂၉

တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အောင်မင်္ဂလာရပ်ကွက် ရွှေသာလျှောင်း ဘုရားလမ်း၌ ကျောက်စီရေမြောင်း ပလက်ဖောင်း ပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းကိုနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။



အောင်မင်္ဂလာ ရပ်ကွက် ရွှေသာလျှောင်း ဘုရားလမ်း၌ အရှည် ၄၈၇ ပေ၊ အနံ ၄ ဒသမ ၆ ပေ၊ အမြင့် ၃ ပေ ၊ ကျောက်စီရေမြောင်း ပလက်ဖောင်း လုပ်ငန်းသည် ၂၀၂၆-၂၀၂၇ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုငွေကျပ် သန်း ၁၀၀ ဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မေ ၂၈ ရက်က ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေးပြီး ဆီထည့်စဉ်လိုက်နာရမည့် စည်းကမ်းချက်များနှင့် မီးသတ်ဆေးဘူးများ အသင့်ထားရှိရေးတို့ကို မှာကြားဆောင်ရွက်စဉ်။

အောင်မျိုးဝင်း(ဥတ္တရ)



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကွမ်းခြံကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မေ ၂၇ ရက်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပရာ သန်လျင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရန်စိုးအောင်က ဟောပြောစဉ်။ သန်းဝင်း(သန်လျင်)

# ဒုတိယဝန်ကြီးဦးနေမျိုးလှိုင် ရေဝတီတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးလှုပ်ရှားမှုများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် ရေဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်တို့သည် ယနေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းအပ်နှံရေး သီတင်းပတ် ဆောင်ရွက်နေမှု အခြေအနေများ၊ Smart School နှင့် Football for School Program ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လှည်းကျော်ကုန်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သူတော်ကုန်းကျောင်းတို့၌ ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများ၊ ကျောပိုးအိတ်များ၊ ကျောင်းဝတ်စုံများ ပေးအပ်ကာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ချောင်းသာမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း(ကလောခုံ)နှင့် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်းတို့၌ ကျောင်းဆောင်သစ်တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သီပေါမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေးလျက်ရှိ

**သီပေါ မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန လားရှိုးပြည်သူ့ဆေးရုံကြီးနှင့် သီပေါပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများသည် သီပေါမြို့နှင့် အနီးတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီထိ သီပေါမြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦး၊ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ လားရှိုး၊ ကျောက်မဲနှင့် သီပေါပြည်သူ့ဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများ၊ သီပေါမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အထွေထွေရောဂါ၊ ကလေးကျန်းမာပညာ၊ အရိုး/အကြောရောဂါပညာ၊ နား/နှာခေါင်း/လည်ချောင်း/ဦးခေါင်းနှင့် လည်ပင်းရောဂါပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ သွားနှင့်ခံတွင်းရောဂါ၊ စိတ်ကျန်းမာရေး၊ အကြော/အဆစ်နှင့် ပြန်လည်သန်စွမ်းရေးနှင့် ဓာတ်မှန်နှင့်ပုံရိပ်ဖော် စသည့် အထူးကုဘာသာရပ်များအလိုက် လာရောက်ပြသခဲ့ကြသည့် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၆၈၉ ဦးအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် ပဲခူးမြို့အတွင်း မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**ပဲခူး မေ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်သည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ရောက်ရှိကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအတွင်း ထားရှိသည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ် မဲပေးစက်များ စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပဲခူးခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများက ခရိုင်နှင့် မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်



အရာရှိ ဦးမင်းသက်နောင်က တင်ပြချက်များနှင့် ကော်မရှင်အဖွဲ့ဝင်များ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ... 



မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ကောင်းတည်းခိုခန်း၊ ထီးလှိုင်ရှင် ဧည့်ရိပ်သာ၊ Great star တည်းခိုခန်းတို့အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးစိုးထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မေ ၂၉ ရက်တွင် မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။

ချမ်းသာ(မိတ္ထီလာ)

# အိမ်မဲမြို့၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**အိမ်မဲ မေ ၂၉**

ရေဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အထက(၂) ပညာ့ဗိမာန်ခန်းမတွင် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးတို့က အမှာစကားများပြောကြားပြီး နိုင်ငံတော်က ပေးအပ်သည့် ကျောင်းအသုံးအဆောင်ပစ္စည်းများကို ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချစ်သက်လယ်(အိမ်မဲ)**

# ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**ပေါက်ခေါင်း မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်ပွဲနှင့် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(ပေါက်ခေါင်း)၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာ ဆိုင်းဘုတ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် နိုင်ငံတော်က အခမဲ့ပေးဝေသော ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပျဉ်းမနားမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်ထားရှိမှုအခြေအနေများကို မေ ၂၉ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စာအုပ်များ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (ပုညသုခ ကျောင်းတိုက် ဒဂုံ (အရှေ့)) က စာအုပ် ၁၂၀၊ ရဲမှူးကြီး မောင်မောင်(ငြိမ်း)က သုတ/ရသ စာအုပ် ၅၁၁ အုပ်၊ မောင်ရင့်ကျူး (မြောင်းမြ) က သုတ/ရသစာအုပ် ၂၀၉ အုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ဧယျာစာပေဘဏ်တိုက် မဂ္ဂဇင်းအုပ်ရေ ၁၀၀ စုစုပေါင်း အုပ်ရေ ၉၄၀ လှူဒါန်းကြပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ပြုလုပ်ကာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ရွှေကျင်မြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေကျင် မေ ၂၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို သုသာန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရွှေကျင်မြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးနေလင်းထွဋ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးနိုင်ဦးတို့က တက်ရောက်လာသူများထံ ပျိုးပင်များပေးအပ်ပြီး စုပေါင်းစိုက်ပျိုးကြသည်။

ထိုသို့ စိုက်ပျိုးရာတွင် မန်ကျည်းရှားပင် ၈၀၀၊ ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၂၀၀ နှင့် ခရေပင် ၁၁၀ စုစုပေါင်းပျိုးပင် ၁၂၁၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ပေါက်ခေါင်း မေ ၂၉

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ဝက်တိုးကျေးရွာ ပညာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်း၌ ယနေ့မွန်းလွဲပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထူးအောင်က အမှာစကားပြောကြားကာ ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ်ပညာရေးမှူးရုံး ဒုတိယမြို့နယ်ပညာရေးမှူး ဦးမိုးဇော်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



# ပွင့်ဖြူမြို့နယ်၌ တောင်သူပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပ

ပွင့်ဖြူ မေ ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)တွင် ဆီထွက်သီးနှံနှမ်းမျိုး ဆင်းရတနာ (၄) နှင့် ၁၄ မျိုးကွဲ နှစ်မျိုး၏ LPCRFDP စက်ဖြင့် Plasma Treatment နှုန်းထား အမျိုးမျိုး အကျိုးသက်ရောက်မှုကို လေ့လာခြင်းစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးငွေဆန်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စန္ဒာဦးက ကွင်းသရုပ်ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံတာဝန်ခံ) ဦးအောင်ချစ်က မျိုးသန့်ခြံအတွင်း မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးဆောင်ရွက်ထားရှိမှုများနှင့် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကိုကျင်းပရာ တောင်သူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ကျောင်းကုန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

ကျောင်းကုန်း မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးသိန်းထွန်းက ပညာရေးနှင့်ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဝင်းစိန်က ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း ပြောကြားသည်။

ပြောကြား

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က ကျေးလက်ကျန်းမာရေး ပညာပေးခြင်းနှင့် ရွာလုံးကျွတ် ယင်လုံအိမ်သာ ဆောက်လုပ်ရေး စီမံချက်ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပြည်သူများက တင်ပြကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေအနေများ ကွင်းဆင်းကြည့်ရှု

ကန်ကြီးထောင့် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေအနေများကို မေ ၂၇ ရက်က သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကြည့်ရှုရာတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီး(စံပြ)ကျေးရွာရှိ စံပြသုခစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားများ၏ CP ဝက်များ မွေးမြူထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး (ပြန်/ဆက်)



# အုတ်ဖိုမြို့၌ ရှေးဦးပြုစုခြင်း(သာမန်)သင်တန်းဖွင့်

အုတ်ဖို မေ ၂၉

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ရှေးဦးပြုစုခြင်း (သာမန်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် အုတ်ဖိုမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူးဟောင်း ဦးတင်ကိုကိုထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်တပ်ဖွဲ့မှူး ဦးမျိုးမင်းထက်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူ (အုတ်ဖို)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တွင် လုံခြုံစိတ်ချ မိခင်ဘဝ သေချာရအောင် ဝိုင်းကူကြ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက်ပိုင်းက လှိုင်သာယာပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာခင်ရူပါစိုးက လုံခြုံစိတ်ချ မိခင်ဘဝအကြောင်းသိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းဦးက ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း မိခင်သေဆုံးမှု အခြေအနေအား ဆန်းစစ်လေ့လာခြင်းအကြောင်း ဆွေးနွေးပြောကြားပြီး အထူးကု ဆရာဝန်ကြီး(သားဖွားမီးယပ်) ဒေါက်တာတိုးတိုးအောင်က ၂၀၂၅ ခုနှစ်အတွင်း ဆေးရုံကြီးတွင် သေဆုံးခဲ့သော မိခင်များ၏သေဆုံးမှုကို ဆန်းစစ်တင်ပြခြင်းနှင့် ကုသမှုဆိုင်ရာများ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## တန်ဖိုးမြှင့်စားသောက်ကုန် Bakery အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ



မော်လမြိုင် မေ ၂၉

မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် တန်ဖိုးမြှင့် စားသောက်ကုန် Bakery အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာ သင်တန်း ဆင်းပွဲကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမင်းမြင့်မောင်လေးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးက သင်တန်းသား သင်တန်းသူများအား သင်တန်း ဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး မွန်ပြည်နယ် မုန့်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌက ဂုဏ်ပြု အားပေး စကားနှင့် သင်တန်းသူများ ကိုယ်စား သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းများထဲမှ အမှန်တကယ် လုပ်ငန်းထူထောင် လိုသူများကို ရွေးချယ်ပြီး လုပ်ငန်းများ ထူထောင်လုပ်ကိုင် နိုင်စေရန်အတွက် ဌာနက လုပ်ငန်း သုံး စက်ပစ္စည်းများ ပံ့ပိုး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



## စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား မေ ၂၉

ကချင်ပြည်နယ် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးချန်တန်ခင်သည် ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ပေး နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်နိုင်လင်းက ရှေ့ဆက်ဆောင်ရွက် သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြ သည့် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ်၊ ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆွေးနွေးဆောင်ရွက်ခဲ့ ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တွံတေးမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်ရှင်းလင်း

တွံတေး မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့က တွံတေးမြို့ ကွမ်းခြံရပ်ကွက် ကံသာယာလမ်းမကြီးရှိ မြစ်ထွက်ပေါက် ရေမြောင်းပြန်လည်တူးဖော် ရှင်းလင်းခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ရာ တာဝန်ရှိသူများက ကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ ကံသာယာလမ်းမကြီး၏ မြစ်ထွက်ပေါက်ရေဆင်းမြောင်းမ ကြီးကို စက်ယန္တရားအသုံးပြုကာ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်း ဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

## မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများအား အခွန်အကောက်ဥပဒေမှ သိမှတ်ဖွယ်ရာများ ရှင်းလင်းဆွေးနွေး

ရန်ကုန် မေ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)က မော်တော်ယာဉ် နှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်/ရောင်းချသည့် အခွန်ထမ်းကုမ္ပဏီများ အား ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေမှ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကင်း မြို့နယ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) အစည်း အဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂) ဌာနမှူး ဦးမောင်မျိုးက အမှာစကားပြောကြားပြီး အလယ် အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်ရဲသီရိအောင်က ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး ကြကြောင်း သိရသည်။ **ဗလ**

## လဲချားမြို့နယ်၌ ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက် အစည်းအဝေး ကျင်းပ



လဲချား မေ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့တွင် ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဂျီအီးစီ (ပညာရေး)သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ် အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေးကို အထက (လဲချား) ခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်မိုးစန္ဒာလွင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ အသင်းစည်းကမ်းအား ပြင်ဆင်ဖြည့်စွက် ခြင်းတို့ကိုရှင်းလင်းသည်။

ထို့နောက် အသင်းအုပ်ချုပ်မှုဒါရိုက်တာက အသင်းလုပ်ငန်းများကို ရှင်းလင်းခဲ့ပြီး လစ်လပ်သွားသော ဒုတိယဥက္ကဋ္ဌ နေရာအား အသင်းသား များက ရွေးချယ်တင်မြှောက်ကာ အသင်းသားများအား စုဆောင်းငွေအပေါ် အတိုးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရေးမြို့နယ်၌ မြင်းကောင်ရေ ၂၀ ထက် မပိုသော စက်တပ်ရေယာဉ်ငယ် မှတ်ပုံတင်လက်မှတ် ထုတ်ပေး

ရေး မေ ၂၉

မွန်ပြည်နယ် ရေးမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှမြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ် များ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (ခေတ္တ)ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးကျော်မျိုးနိုင်က မှတ်ပုံတင်လက်မှတ် ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်လုပ်သားများ အနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ကြစေလိုကြောင်းနှင့် ရေယာဉ်ဆိုက်ကပ်သည့်နေရာများ စနစ်တကျရှိရေး၊ ရေကြောင်းဆိုင်ရာစည်းကမ်းများကိုလိုက်နာခြင်း ဖြင့် ရေယာဉ်မတော်တဆမှုများ လျှော့နည်းပပျောက်စေရေး အတွက် စနစ်တကျ ဂရုပြုလိုက်နာကြစေလိုကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက်တာဝန်ရှိသူများက မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ် မှတ်ပုံတင်လက်မှတ် ၃၅၈ ခုကို စက်တပ်ရေယာဉ် ပိုင်ရှင်တစ်ဦးချင်းအလိုက် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**

## မိတ္ထီလာမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းပွဲကျင်းပ

မိတ္ထီလာ မေ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးရုံးက စီစဉ်ဆောင်ရွက်သည့် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေး ရှင်းလင်းပွဲ ကို ယနေ့နံနက် ၁၀ နာရီက နန်းတော်ကုန်းရပ်ကွက် ဝန်ဇင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ပညာပေးရှင်းလင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင် အခွန် ထမ်းများအား တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲ ပြုလုပ်

နေပြည်တော် မေ ၂၉

တောင်ပိုင်း တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။



ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ပြုလုပ်ရာ တိုင်းမှူးကိုယ်စား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသွားသော အုတ်တွင်း တပ်နယ်အသင်းနှင့် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများအား ဆုများပေးအပ်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် မေ၂၀ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ၂၀၂၆ ခုနှစ်မှ

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတို့တွင် ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး – ဂိုးမရှိ၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး– ဂိုးမရှိ၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးဂိုး–နှစ်ဂိုး၊ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတွင် ကချင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ MNL မှ

သွင်းမိသဖြင့် ဧရာဝတီအသင်း ဦးဆောင်ဂိုးရသော်လည်း အနိုင်ရလဒ် မထိန်းနိုင်ဘဲ ဂိုးများပြန်ပေးခဲ့ရသည်။ ၃၈ မိနစ်တွင် သက်နိုင်ဦးက Galaxy အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးများကို ၆၈ မိနစ်တွင် ပိုင်ဇေထွန်း၊ ၈၅ မိနစ်တွင် စိုင်းမင်းအောင်တို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ဆုံးထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး လက်ရှိချန်ပီယံ ဒဂုံစတားအသင်းသည် နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို အန်ချီအောင်က ၁၈၊ ၅၅ မိနစ်တွင် သွင်းယူခဲ့သည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို မေ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ Chinland အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Falcon အသင်း၊ သီဟဒီပကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း–ညီမြတ်သော်တာ၊ ဓာတ်ပုံ–MNL**

## ရွှေသွေးဂျာနယ်ထွက်ရှိ




နေပြည်တော် မေ ၂၉

မေ ၃၀ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၂၂) တွင် ဆရာလေး ကိုအောင်မင်း၏ ကျိုးကြောင်းပြ ရှင်းပြချက်များကြောင့် ရွာသားများ၏မလိုလားအပ်သော ကြောက်ရွံ့မှုများ ပပျောက်သွားပုံအကြောင်း သရုပ်ဖော်ထားသည့် "ထူးဆန်းတဲ့အိမ်ကြီး" မျက်နှာဖုံးကာတွန်း၊ မာရီယာနာ ချောက်ကမ်းပါးအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ကမ္ဘာ့အနက်ဆုံး ပင်လယ်ချောက်ကမ်းပါး" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဖားသတ္တဝါများ၏ ထူးခြားချက်များအကြောင်းကို ဗဟုသုတဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "ဖား"နှစ်မျက်နှာကာတွန်း၊ ကျောင်း၌ စာစီစာကုံးဖြေရမည်ကို စိတ်စောနေမိသော လေးတန်းကျောင်းသားတစ်ဦးအကြောင်း ဖတ်ရှုရမည့် "ကျွန်တော်လေးစားချစ်ခင်ရသော လူတစ်ယောက်" ဝတ္ထုကဏ္ဍ၊ အသက်ကြီးပြီဖြစ်သောကြောင့် မေ့တတ်သည်ဆိုသောဘွားဘွားနှင့် ဟန်သီမအကြောင်း သရုပ်ဖော်ထားသည့် "ဟန်သီမ" တစ်မျက်နှာဟာသကာတွန်း၊ ဝမ်းရောဂါ မဖြစ်စေရန် ရှောင်ကြဉ်နိုင်မည့်နည်းလမ်းများအကြောင်း ရေးစပ်ထားသည့် ဆရာ မင်းရွှေမိုး၏ "ဝမ်းရောဂါ" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

အဆိုပါဂျာနယ်ကို တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ကျင်းပ

အုတ်တွင်း မေ ၂၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ပြည်တွင်းအခွန်ဦးစီးဌာနကပြုလုပ်သော အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။



အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးဇေအောင်က ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အကြောင်း သိကောင်းစရာများ၊ ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေရှင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**




# ပြင်ဦးလွင်မြို့နယ် အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ပြင်ဦးလွင် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရွှေသင်းကျေးရွာအုပ်စု အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မေ ၂၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် တာဝန်ရှိသူများသည် အင်းပုတ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ချေးငွေစာချုပ်ပါအတိုင်း လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်မှု ရှိ မရှိ၊ လအလိုက် စာရင်းဇယားများ ပုံမှန်ရေးသားဖြည့်သွင်းမှု ရှိ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သိန်းညွန့်(PZL)**

## ကန့်သတ်မှုမရှိသောတင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း/သာမန်) ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင် ၊ သထုံခရိုင် ၊ ရေးခရိုင်နှင့် ကျိုက်ထိုခရိုင်တို့မှ ဆောင်ရွက်မည့် လမ်း– တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပထမအကြိမ် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက် – (၁ – ၆ – ၂၀၂၆ မှ ၁၂ – ၆ – ၂၀၂၆) ရက်နေ့အထိ (ရုံးချိန်အတွင်း )

(ခ) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့ လမ်းဦးစီးဌာန၊ ရေးခရိုင်၊ ရေးမြို့ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့ လမ်းဦးစီးဌာန၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့

(ဂ) တင်ဒါဖွင့်မည့် နေ့ရက်/အချိန် – ၁၆ – ၆ – ၂၀၂၆ (အင်္ဂါနေ့) နံနက် (၉:၃၀)နာရီ

(ဃ) တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ – ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ၊ လမ်းဦးစီးဌာန မွန်ပြည်နယ်၊ မော်လမြိုင်မြို့

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့ ဖုန်း ( ၀၉–၂၅၅၇၄၅၅၃၀ )၊ သထုံခရိုင် ၊ သထုံမြို့ ဖုန်း (၀၉–၂၅၅၇၇၃၇၇၂)၊ ရေးခရိုင်၊ ရေးမြို့ ဖုန်း (၀၉–၂၅၃၇၀၆၄၈၉ ) နှင့် ကျိုက်ထိုခရိုင် ၊ ကျိုက်ထိုမြို့ ဖုန်း ( ၀၉–၉၇၅၇၀၀၇၂၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၈၂၊ မြေကွက်အမှတ်(၁၁၅၃)ဟုခေါ်တွင်သော မြေကွက်ဧရိယာ (၀.၀၅၅) ဧကရှိ ဒေါ်အိရတနာထိုက် [၁၃/တကန(နိုင်) ၁၉၇၀၃၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်တစ်ကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ တစ်ဆင့်ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံသူ ဦးချမ်းမြေ့အောင် [၁၂/ကတတ(နိုင်) ၀၃၁၁၆၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလင်းလတ်ထွန်း [၅/မရန(နိုင်) ၀၀၃၆၂၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၅၀၄၀၆၉၄ ၊ ၀၉–၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၂၊ မြေကွက်အမှတ်(၂၃၂)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (၆၀)ပေ x အနံ (၈၀) ပေရှိ ဦးမြင့်ဌေး [၁၂/သကတ(နိုင်)၀၃၈၉၀၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တစ်ဆင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်ကောင်းယု [၁၂/ကမတ(နိုင်) ၀၀၉၀၈၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစန်းပြည့်ထွန်း [၁၂/သဃက(နိုင်) ၁၄၆၅၈၉]က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၅၀၄၀၆၉၄၊ ၀၉–၇၆၅၀၄၀၆၉၄**

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

**အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့**

## ကြေညာချက်

**( ၂၀၂၆ ခုနှစ်၊ မေ လ ၂၉ ရက်)**

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွက် ကျပ်၁၀၀၀တန် ထီစာအုပ် ဝယ်ယူခွင့်ရရှိသူများမှ ပဋိညာဉ်စာချုပ်ချုပ်ဆို၍ ထီစာအုပ်တစ်အုပ်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ၃လစာအတွက် မိမိ ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အလိုက် အာမခံငွေ (Deposit)များ ပေးသွင်းစေခဲ့ပါသည်။

၂။ အဆိုပါ သဘောတူစာချုပ်သည် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွက်သာ အကျုံးဝင်သည်ဖြစ်ပါသဖြင့် ထီဝယ်ယူခွင့်ရရှိသူများနှင့် ချုပ်ဆိုထားသည့် အာမခံငွေ(Deposit)များအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဗဟိုအရောင်းဌာနစိတ်တွင် ဝယ်ယူခဲ့သော ထီစာအုပ်များ အပေါ် အာမခံငွေ ( Deposit ) ပေးသွင်းထားသည့် ချလန်(မူရင်း/မိတ္တူ) ၊ စာချုပ် (မူရင်းခွဲ) ၊ မှတ်ပုံတင် ၊ အိမ်ထောင်စုစာရင်း(မူရင်း/မိတ္တူ)များနှင့်အတူ ထီ လုပ်ငန်းရှင်ကိုယ်တိုင် ကျပ် ၃၀၀ိ/–တန် တံဆိပ်ခေါင်းကပ် လျှောက်လွှာ တင်သွင်း၍ ( ၁ – ၆ –၂၀၂၆ ) ရက်နေ့မှ ( ၃၀ – ၆ –၂၀၂၆ )ရက်နေ့အတွင်း အောင်ဘာလေသိန်းဆုဌာနခွဲ ငွေစာရင်းဌာနစုတွင် လာရောက်လျှောက်ထား ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အသိမိတ်ဆွေဖြစ်သူ ဦးအောင်သန်းဦး၊ မှတ်ပုံတင်အမှတ် [၁၂/သလန(နိုင်)၀၀၂၇၀၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ (၁) ရပ်ကွက်၊ နယ်မြေ (၈)၊ ပြည်ထောင်စုလမ်း၊ က/၈ အမှတ်(၁၂၈)နေ ဦးအောင်သန်းဦး၊ မှတ်ပုံတင်အမှတ်–[၁၂/သလန(နိုင်)၀၀၂၇၀၀]၏ သားဖြစ်သူ ဦးထက်အောင်ကျော်၊ မှတ်ပုံတင်အမှတ် [၉/ဇယသ(နိုင်) ၀၀၄၁၄၂] ကိုင်ဆောင်သူသည် ဖခင်၏ပြောဆိုဆုံးမခြင်းကို လက်ခံခြင်းမရှိဘဲ မိမိသဘောအတိုင်း ဆက်လက်လုပ်ဆောင်နေသောကြောင့် ယနေ့ကြေညာပါသည်နေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးတိုင် စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နေခြည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၁၇၀) (၂၃–၁၂–၂၀၁၄)**
**အမှတ်(၄၅၂)၊ ကံဦးကျောင်းလမ်း၊ ဘုရားကုန်း၊ သန်လျင်မြို့။**
**Ph: 09-799462282, 09-422692152**

## သားများအဖြစ်မှစွန့်လွှတ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ် (၁၄၆/၁၄၈)နေ ဦးအောင်ပြည့်[၁၂/ပဘတ(နိုင်)၀၂၅၂၃၁]၊ ဒေါ်သက်ရီလှိုင် [၇/ဒဥန(ဧည့်) ၀၀၀၁၅၆]တို့၏ သားများဖြစ်ကြသော မောင်ရဲခန့်ကျော် [၁၂/လသန(နိုင်)၀၂၅၀၄၁]၊ မောင်ဟိန်းမင်းထွန်း [၁၂/လသန(နိုင်) ၀၂၅၀၇၀] ကိုင်ဆောင်သော သား(၂)ဦးသည် မိဘများ၏ ဆိုဆုံးမမှုအားမနာခံဘဲ နေအိမ်မှ မိမိတို့၏ သဘောဆန္ဒအတိုင်း ဆင်းသွားသဖြင့် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် သားများအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ပြည့်နှင့် ဒေါ်သက်ရီလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ (LL.B)**
**အထက်တန်းရှေ့နေ စဉ်– ၅၇၀၄၇ / (၂၇–၆–၂၀၂၅)**
**အမှတ်–၁၉/၁/၂၃၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေပေါက်ကံစက်မှုဇုန်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း– ၀၉–၄၅၅၀၃၄၇၇၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အောင်မြေလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မြေကွက်အမှတ် (၃၅၄)၊ အကျယ်အဝန်း (၄၅x၆၀)ပေကျယ်ဝန်းသော မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (မြေရင်းဘက်ခြမ်း)ရှိ (၂၃.၅x၆၀) ပေကျယ်ဝန်းသော ဦးလှ (CH–၀၀၂၄၇၀) [၁၂/ဥကတ (နိုင်) ၀၉၉၇၄၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအိမ်အပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဦးမင်းစိုးသူ [၁၂/ဥကတ(နိုင်) ၁၅၉၃၉၉] ကိုင်ဆောင်သူမှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေမာဖြိုး [၁၂/ဒဂန (နိုင်) ၀၂၈၄၁၈] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေကွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်နှင့်မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဆွေမာဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သင်းသင်းထွေး(LL.B)** | **ဦးသန့်ဇင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၅၇၄)** | **အထက်တန်းရှေ့နေ (စဉ်–၅၄၇၄၇)** |

**အမှတ်–၁၄၂၊ ပထမထပ် (ယာ)၊ ၃၉–လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၂၅၄၅၃၀၈၁၂၊ ၀၉–၇၅၉၀၄၀၆၆၅**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် Survey Equipments, (7) Items (7) Lots ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက် - ၁- ၆-၂၀၂၆ ရက်မှ ၁၄- ၆-၂၀၂၆ ရက်ထိ (ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် ရက်/အချိန် - ၁၅-၆-၂၀၂၆ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ

(ဂ) အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်/အချိန် - ၁၅-၆-၂၀၂၆ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ

(ဃ) အိတ်ဖွင့်တင်ဒါပုံစံ ဝယ်ယူ/တင်သွင်း ရမည့်နေရာ - ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နှစ်ထပ်တိုးချဲ့ဆောင်၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်

၂။ အသေးစိတ် သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၀၅၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၁၁) လမ်း၊ အမှတ်-၆၈(က)ဟုခေါ်တွင်သော အဆောက်အဦ၏ မြေညီထပ် (ခေါင်းရင်းခန်း) တိုက်ခန်းသည် သားဖြစ်သူ မောင်ဇော်လှိုင်က မောင်မြင့်စိုး (ခ) ရန်နိုင်စိုး [၁၂/သကတ (နိုင်) ၀၄၄၁၆၆]ကိုင်ဆောင်သူကတစ်ဆင့် ပေးပို့ငွေများကို မိခင် ဒေါ်ကျင်စန်းမှ လက်ခံရယူ၍ ဘီနာမီ (အမည်ငှား) အဖြစ် ဝယ်ယူထားသည့် မောင်ဇော်လှိုင်ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်စန်း [၁၂/သကတ(နိုင်)၂၁၀၆၉၉] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသဲခိုင်**
**အထက်တန်းရှေ့နေ (စဉ်-၄၁၃၅၃)**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဇီးကုန်း(၅)လမ်း၊ အမှတ်-၉ နေ (ဦးဝင်းလှိုင်) + ဒေါ်ထားထားဦးတို့၏သား မောင်နိုင်လင်း [၁၂/သလန(နိုင်)၁၂၂၇၃၆]သည် မိခင်၏ ဆိုဆုံးမမှုကို နာခံခြင်း မရှိဘဲ အကြိမ်ကြိမ် မိခင်အား စိတ်ရောကိုယ်ပါ စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စရပ်ကိုမှ မိသားစုက တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထားထားဦး ( ၁၂/သလန(နိုင်)၀၇၉၈၄၈) ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသဲခိုင်**
**အထက်တန်းရှေ့နေ (စဉ်-၄၁၃၅၃)**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ်(၅၇၇/P)၊ အကျယ်(၃၇x ၄၆)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျင်ရီ[၁၂/လမန(နိုင်)၀၅၁၂၇၆]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုမာ[၈/ပခက(နိုင်)၂၃၀၂၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝါနွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၈၂/၂၀၁၇)**
**အမှတ်-၁၁၁(တတိယထပ်)၊ နွယ်သာကီလမ်း၊ (၂၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၁၇၁၇၂၆၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ အုတ်လှငယ်လမ်း၊ မြေကွက်အမှတ်(၁၆၇)၊ ပေ(၄၀x၆၀)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ မြို့မြေစာရင်းတွင် ဦးအောင်ဝင်း အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါ ပေ(၄၀x၆၀) မြေကွက်မှ မခွဲစိတ်ရသေးသော ပေ(၂၀x၆၀)မြေကွက် (မြေကွက်အမှတ်-၁၆၈ နှင့်ကပ်လျက်အခြမ်း)ကို စာချုပ်အဆက်ဆက်ဖြင့် ရောင်းဝယ်ခဲ့ရာ နောက်ဆုံးဝယ်ယူသူ ဒေါ်မိုးစန္ဒာဦး [၁၂/ဒဂတ(နိုင်)၀၀၉၈၂၄]မှ ပိုင်ဆိုင်ခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းနှင့်တကွ ဤသတင်းစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ခိုင် (ဘဏ်) LL.B**
**အထက်တန်းရှေ့နေ (စဉ်-၁၆၃၂၄)**
**ဖုန်း-၀၉-၂၆၀၃၈၆၉၃၀၊ ၀၉-၇၈၄၂၈၆၉၅၇**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၄၅၁)၊ ဧရိယာ(၄၀'x၆၀') ရှိမြေချပါမစ်အမျိုးအစား-ဦးစောဝင်းသိမ်း(၁၂/ကမရ(နိုင်)၀၂၈၀၂၀)(AC-၀၃၄၂၁၆)အမည်ပေါက်မြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်သည် မြေချပါမစ်တွင် ဦးစောဝင်းသိမ်း အမည်ပေါက်နေပြီး အရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရဝယ်ယူပိုင်ဆိုင်ထားသူ-ဦးကောင်းထက်အောင်(၁၂/မဂဒ(နိုင်)၁၃၄၉၁၇)က တရားဝင်ပိုင်ရှင်အဖြစ်အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း နှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိုဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
**Ph-09 253995848 , 09-798420119**

**ဒေါ်ဟန်ဇေနွှံနိုင်( LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
**Ph-09-4200 73685**

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( အရှေ့ပိုင်း) မြို့နယ်! မြေတိုင်းရပ်ကွက်(၁၅၅)၊ သုခလမ်း ၊မြေကွက်အမှတ်(၃၀၇)၊ ဒုအရာခံဗိုလ်အောင်စိုး[၁၂/မဂဒ(နိုင်) ၀၁၅၅၃၈]၊ စာအမှတ်-၄၆၀ ပါမစ်မူရင်းအမည်ပေါက်ပေ (၄၀x၆၀)မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးသန်းဇော်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်ခိုင်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာ၊ City Loft၊ တိုက်CL-6၊ အခန်း(412)၊ စတုတ္ထထပ် ကွန်ဒိုအခန်းနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ချိုချိုစန်း [၁၂/သခန (နိုင်)၀၀၀၃၈၇]ထံမှ ဒေါ်စောယုတင့် [၁၂/မဂတ(နိုင်)၀၀၃၃၂၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှ (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောယုတင့်**
**09-798103001**

## “အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲကြောင်း အများသိစေရန်ကြေညာခြင်း”

ဦးကျော်ဇံဟိန်း [၉/မလန(နိုင်)၁၃၃၄၁၈]နှင့် မရွှေဝါဝင်း [၉/မထလ(နိုင်)၃၂၁၇၂၀]တို့သည် ဗမာ၊ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ကြပြီး (၂၁-၅-၂၀၂၆)ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် အဆိုပါနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း၊ အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မရွှေဝါဝင်း[၉/မထလ(နိုင်)၃၂၁၇၂၀]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း (LL.B, D.B.L,WIPO-Switzerland, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၆၆)**
**အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ ၃/ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၀၀၅၃၂၇၂**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၂၉)၊ သလ္လာဝတီလမ်းနှင့် ဦးကျော်လှလမ်းထောင့်ပေါ်တွင် ဆောက်လုပ်ထားသော အခန်းအမှတ်(၁၅၀၇)၊ (၁၅)လွှာ၊ (၁၀၃၅)စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ကားတစ်စီးရပ်နားခွင့်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်း [၁၂/မရက(နိုင်)၁၂၂၄၉] မှ ပိုင်ရှင်ဖြစ်သူ ဒေါ်ဇင်မြတ်မိုးရွှေ [၁၂/သလန(နိုင်)၀၀၀၆၃၆] ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဆွေစင်အိ(LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၇)**

**ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L)(D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၁)**

**အမှတ်(၃၈၈/၃၉၈)၊ (၄)လွှာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။**
**ဖုန်း - ၀၉-၇၈၅၁၉၄၉၀၉**

# SOCIETE AIR FRANCE (YANGON BRANCH)
# (Reg: 101653390)

ပြည်ပကော်ပိုရေးရှင်း၏စီးပွားရေးလုပ်ငန်းများ ရပ်စဲကြောင်းအသိပေးခြင်း။

Societe Air France (Yangon Branch) သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ၊ ပုဒ်မ-၅၅(က) အရ မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုများအားရပ်စဲကြောင်း ၂၀၂၆ ခုနှစ်၊ ဧပြီလ (၃၁) ရက်နေ့တွင် ကျင်းပသည့်အစည်းအဝေးမှတ်တမ်းဖြင့် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

လုပ်ငန်းများရပ်စဲမှုများနှင့်ပတ်သက်ပြီး ကျွန်တော်ထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

**ဦးဇေယျာမောင်မောင်**
**Authorised Officer**
**Societe Air France (Yangon Branch)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်း၊ အမှတ်(၂၄၄)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ **(စတုတ္ထထပ်) (၅-လွှာ)(တိုက်မျက်နှာမူညာ)** တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ **ဦးဇော်ဇော်ထွန်း [၁၂/သဃက(နိုင်)၁၅၇၅၃၄]၊ ဒေါ်သူဇာလင်း [၁၄/ဟသတ(နိုင်)၂၄၃၁၀၁] တို့မှ** ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ချယ်ရီကိုမှ** ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနုစိုး(LL.B, D.B.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၂၁)**
**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။**
**၀၉-၄၂၁၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃၊ ၀၉-၈၈၀၁၅၅၅၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦးကျောင်းလမ်း (သီရိလမ်းသွယ်)၊ မြေတိုင်းရပ်ကွက် အမှတ် - ၃၉၉/က၊ မြေကွက်အမှတ် (၆/၂၄)၊ ဧရိယာအလျား (၄၀)ပေ x အနံ (၆၀) စတုရန်းပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာန၊ မြို့မြေစာရင်းတွင် မြေပိုင်မြေအမည်ပေါက် ဒေါ်အုန်းသင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် - ၃၁၆/ (၄-၆-၁၉၈၆)၊ (၁၆-၁-၁၉၉၇)ရက်စွဲပါ အရပ်ကတိစာချုပ်တို့အရ ဒေါ်မီမီသန်း (ဘ) ဦးသန်းဖေ [၅/မရန(နိုင်)၀၁၂၈၀၃] တစ်ဦးတည်းမှ ပိုင်ဆိုင်ကြောင်း၊ ရောင်းချစီမံခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း ဝန်ခံကတိသစ္စာပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စွာဟိန်း၊ ဒေါ်အိစန္ဒာကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဂျူလိုင်မင်းအောင် အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၂)**
**အမှတ်(၄၀၀)မြေညီ၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၈၅၀၀၃၃၃၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဘုမ္မာ(၁၂)လမ်း၊ မြေကွက်အမှတ်(၄၉၁)၏ (၁) ဒေါ်ငွေးလွင်၊ (၂) ဒေါ်စန်းရီ၊ (၃) ဦးတင်လှတို့ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်ရှိ (အလျား ၁၃'၄" x အနံ ၆၀') အကျယ်ရှိ မြေကွက်အား ဦးတင်လှ၏ သားသမီးများဖြစ်ကြသော (၁) ဒေါ်တင်တင်သန်း [၁၂/ဥကမ(နိုင်) ၀၈၂၉၅၆]၊ (၂) ဒေါ်ငွေးငွေးဝင်း [၁၂/ဥကမ(နိုင်)၀၈၂၇၉၁]၊ (၃) ဒေါ်သန်းသန်းဝင်း [၁၂/ဥကမ(နိုင်)၀၈၂၉၉၄]၊ (၄) ဒေါ်လှလှဝင်း [၁၂/ဥကမ(နိုင်)၂၂၃၄၀၀]၊ (၅) ဒေါ်စန္ဒာဝင်း [၁၂/ဥကမ(နိုင်)၂၄၁၅၇၃]၊ (၆) ဒေါ်ငုဝါလှိုင် [၁၂/ဥကမ(နိုင်)၂၂၃၃၉၇]၊ (၇) ဦးသော်ဇင်ဦး မှတ်ပုံတင်လျှောက်ထားဆဲတို့မှ ၎င်းတို့အမွေဆက်ခံပိုင်ဆိုင်သော အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၄၇)**
**၀၉-၄၂၀၃၀၆၉၃၈**

## တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ တိုက်အမှတ်(၃၁) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦ၏ (၃)လွှာ ခြေရင်းခန်းဟုခေါ်တွင်သော အကျယ်(၁၅ x ၆၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ဆက်စပ်စာချုပ် မူရင်းများဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ဝင်း[၁/ပတအ(နိုင်)၀၁၇၀၃၁]မှ ၎င်းသာလျှင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇော်လင်း [၁၁/ပတန(နိုင်)၀၅၁၄၃၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇော်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဝေ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၄)**
**အမှတ်(၉၂၈)၊ ရတနာပုံလမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၇၃၆၄၄၂**

## "(၂၅-၅-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာရှိ ဦးစည်သူအောင်ချစ်၏ လွှဲအပ်ညွှန်ကြားချက်အား ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း"

(၂၅-၅-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာတွင် လွှဲအပ်ညွှန်ကြားသူ ဦးစည်သူအောင်ချစ်မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၀)၊ ပုဂံ လမ်း၊ မြေကွက်အမှတ် (၁၁၇)၊ အကျယ်အဝန်းအလျား(၄၀)ပေxအနံ(၆၀)ပေရှိဒေါ်တင်အုန်း အမည်ပေါက် ပါမစ်မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းကျော်ကျော်ဗိုလ် [၁၂/ဒဂရ(နိုင်)၀၁၀၉၅၁]ထံမှ ဝယ် ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခဲ့သော်လည်း ယခုအခါ စရန်ငွေပေးသူ ဦးစည်သူအောင်ချစ်မှ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် နှစ်ဦးသဘောတူ အရောင်း အဝယ်ရပ်စဲပြီးဖြစ်သောကြောင့် (၂၅-၅-၂၀၂၆) ရက်စွဲပါ ကြေးမုံသတင်းစာရှိ ဦးစည်သူအောင်ချစ်၏ လွှဲအပ်ညွှန်ကြားချက်အား ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုလှိုင်(LL.B)(D.B.L)(D.I.P.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၂၃) (၂၇-၁၂-၂၀၁၈)**
**အမှတ်(ခ/၇၅၀)၊ ဗေဒါ(၂)လမ်း၊ ဒဂုံမြို့သစ်/အရှေ့ပိုင်း။ ဖုန်း-၀၉-၂၅၀၆၅၈၃၃၆**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် မေ ၂၉

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည့်အပြင် "နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ယင်းတာဝန်များကို

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❁



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပစဉ်။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

ရန်ကုန် မေ ၂၉

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏ ဘောလုံးလေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)၊

စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ❍

## MNL ယူ-၂၀ လူငယ်လိဂ်တွင် Galaxy အသင်း နိုင်ပွဲဆက် လက်ရှိချန်ပီယံ ဒဂုံစတားယူနိုက်တက် ရှုံးပွဲကြုံတွေ့

ရန်ကုန် မေ ၂၉

၂၀၂၆-၂၀၂၇ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ပထမနေ့ကို မေ ၂၉ ရက်က ဆက်လက်ကျင်းပရာ Galaxy အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိပြီး လက်ရှိချန်ပီယံ ဒဂုံစတားယူနိုက်တက်အသင်း ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့သည်။

ဗဟန်း မြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင် အသင်းဖြစ်သော Galaxy အသင်းက ရောဝတီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ Galaxy အသင်းသည် နှစ်ပွဲဆက်တိုက် နိုင်ပွဲရယူနိုင်ခဲ့ပြီး ရလဒ်ကောင်း ရယူနိုင်ခဲ့သည်။ ၁၈ မိနစ်တွင် Galaxy အသင်းမှ ဟိန်းသန့်ချစ်ခင် ကိုယ့်ဂိုးကိုယ်

စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ❂




Galaxy အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

### ယနေ့ မိုးလေဝသ (၃၀-၅-၂၀၂၆)

| | |
|---|---|
| နေပြည်တော်နှင့်အနီးတစ်ဝိုက် | မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ |
| မန္တလေးမြို့နှင့်အနီးတစ်ဝိုက် | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ |

### ယနေ့ ဖတ်စရာ

**အမေရိကန်-အီရန် အပစ်အခတ်ရပ်စဲရေး ရက်ပေါင်း ၆၀ သက်တမ်းတိုးရန် ကနဦးသဘောတူညီမှုရရှိ**

စာမျက်နှာ » ၁၃

**ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၁၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်**

စာမျက်နှာ » ၁၅